မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၁)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၂၉

**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိသော ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများအား ကြိုဆိုနှုတ်ဆက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။**

## ကြိုဆိုနှုတ်ဆက်

အဆိုပါ စစ်သံမှူးများနှင့် မိသားစုများအား စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းက ပြခန်းများခင်းကျင်းပြသထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနာယက ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Col. Ngi Vanndim က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

## ကြည့်ရှုလေ့လာ

**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါး**

**အင်တာနက်**

**သတင်း**

**အညွှန်း**

❒ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၀၆ခုနှစ် မတ်လ ၁၅ ရက်နေ့အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၂၃၉၁ တိုက်ကို တည်ထောင်ပေးခဲ့ပြီးဖြစ်။

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာ-၃)

ဘရာဇီးနှင့် မွန်ဂိုလီးယား အကြားရှိ ကမ္ဘာ့ပြည်သူများ လုံးဝနေကြတ်ခြင်းကို ကြည့်ရှုလေ့လာခဲ့ကြ။

အင်တာနက် သတင်းနှင့် ဓာတ်ပုံ (စာ-၆)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

# အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး အခြေခံနိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်အတွက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်က ရေ၊မြေ၊သဘာဝသယံဇာတ အရင်းအမြစ်များကို အပြည့်အဝအသုံးချပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖန်တီးဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန်လည်း အစီအမံများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ စက်မှုဇုန်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၌ အဆင့်မြင့်နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် အားပေးပျိုးထောင်လျက်ရှိသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့်စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ လက်တွန်းထွန်စက်နှင့်လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို နိုင်ငံတော်က ထူထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် မန္တလေးတိုင်းသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မတ်လ ၂၁ ရက်နေ့က မန္တလေးတိုင်း သမဝါယမအသင်းစု နို့ချက်စက်ရုံ၊ မန္တလေးစက်မှုဇုန်(၂)ရှိ စက်မှုလက်မှုလုပ်ငန်းများနှင့်ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားခဲ့သည်။

မန္တလေးတိုင်း သမဝါယမအသင်းစု၏ နို့ချက်စက်ရုံတွင် နိုင်ငံတကာအရည်အသွေးမီ စက်ကိရိယာများ တပ်ဆင်ထားပြီး အရည်အသွေးကောင်း နို့ဆီ၊နို့စိမ်းနှင့် ကလေးအာဟာရမှုန့်များ ထုတ်လုပ်လျက်ရှိသည်။

မန္တလေးစက်မှုဇုန်(၂)တွင် အဆင့်မြင့်စက်ကိရိယာများကို သုံးစွဲ၍ သံရည်ကျိုခြင်း၊ခုတ်စားခြင်း၊ ပုံလောင်းပုံဖိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစက်မှုလုပ်ငန်းများမှ လယ်ယာသုံး စက်ပစ္စည်းများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းများအပါအဝင် စက်ပစ္စည်း ၆၃ မျိုးကို ထုတ်လုပ်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်တိုးတက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာထုတ်လုပ်သည့် စက်ရုံများကို ထူထောင်ထားရှိသည်။ စက်ရုံများရှိ အလုပ်ရုံများတွင် သံရည်ကျိုသွန်းလောင်းသည့် လုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)မှ လယ်ယာ(၁၆) လက်တွန်းထွန်စက်များ၊ စပါးရိတ်သိမ်း ခြွေလှေ့စက်များနှင့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် လယ်ယာ(၁၆)လက်တွန်းထွန်စက် စီးရေတစ်သောင်းနှင့် စပါးရိတ်စက် စီးရေငါးထောင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် စပါးရိတ်သိမ်း ခြွေလှေ့စက် စီးရေသုံးထောင် ထုတ်လုပ်သွားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများအနေဖြင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရန် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးတို့အတွက် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ယခုထက် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်းကို ကွန်ကရစ် ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြရာကုန်းလမ်းကို လေးလမ်းသွား ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းကျင်းနေမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် အလုံမြို့နယ် ကမ်းနားလမ်းတို့ကို ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

**သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ နိုင်ငံခြားဘာသာစကားပြော (ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ အင်္ဂလိပ်ဘာသာ)အခြေခံအဆင့်နှင့် အဆင့်မြင့်သင်တန်းများကို ဧပြီ၃ရက်မှ စတင်၍ လေးလကြာ ညနေအချိန်ပိုင်းသင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။**

**အခြေခံအဆင့်အတွက် အခြေခံပညာ အထက်တန်း(က/ခ) အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ဘွဲ့ရသူများ၊ အဆင့်မြင့်သင်တန်းအတွက် ဤတက္ကသိုလ်မှ အခြေခံအဆင့် နိုင်ငံခြားဘာသာစကား ပြောသင်တန်းအောင်မြင်သူများ တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုသော အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၆၅၀၇၁၂၊ ၆၅၁၆၀၉နှင့် ၆၅၀၇၁၆တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

## ကြို့ပင်ကောက် ဖောဓိရိပ်သာကျောင်း သင်္ကြန်တွင်း တရားစခန်း

**ရန်ကုန် မတ် ၂၉**

ပဲခူးတိုင်းအနောက်ခြမ်း ကြို့ပင်ကောက်မြို့ ဖောဓိရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန(ပြည်တွင်းပြည်ပ သာသနာပြု)အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောနက ဆရာတော်သည် (တန်ခူး လဆန်း၁၅ရက် ဧပြီ၁၂ရက် မွန်းလွဲ ၁နာရီမှ (တန်ခူးလပြည့်ကျော် ၆ရက်) ဧပြီ ၁၈ ရက် မွန်းလွဲ၁နာရီအထိ ခုနစ်ရက်တိုင်တိုင် ဝိပဿနာတရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် တရားစခန်း ဖြစ်မြောက်ရေးအဖွဲ့ ကြို့ပင်ကောက်မြို့ ဖောဓိရိပ်သာကျောင်းတိုက် ဖုန်း- ၀၅၃-၅၀၀၅၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၀)**

**အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် ဆင်မင်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၄ ရက်က ကျင်းပရာ ဦးစီးမှူး ဒေါ်ခင်မမနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြား

**၃၀-၃-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅ ၇။ ခါသင်္ကြန်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ ခါသင်္ကြန်အဆိုအကများ
၄း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀ ၉။ မျိုးချစ်တပ်မတော်
၅း၂၀၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၃၀၁၁။ ခါသင်္ကြန်အဆိုအကများ
၅း၄၅၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀၁၄။ နိုင်ငံတကာသတင်း
၆း၂၀၁၅။ မိုးလေဝသသတင်း
၆း၂၅၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀၁၇။ ကာတွန်းအစီအစဉ် **"ပါကျဲ"** အပိုင်း(၂၄)
၆း၅၀၁၈။ လျှပ်တစ်ပြက်
၇း၀၀၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၂၆)
၈း၀၀၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင် သိုင်းလုလင်"** (အပိုင်း-၂၇)

30-3 (02).p65 1 1/3/32, 1:17 PM

# တိုင်းလုံးကျွတ် စာကြည့်တိုက်များ ထူထောင်လျက် ဆောင်ရွက်နေသော

# နယ်မြေဖွံ့ဖြိုးမှု ပသာဒရှုခင်း

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန် ဖိတ်စာရရှိခဲ့သည်။ မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ ဆရာဦးဟန်ညွှန့်အထိမ်းအမှတ် အလင်းရောင် စာကြည့်တိုက်တွင်ဖြစ်သည်။ (၄)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ဆရာလယ်တွင်းသားစောချစ်တို့ လာရောက်ဟောပြောခဲ့ကြသည်။ ထိုနှစ်က စာရေးသူမတက်ရောက်နိုင်ခဲ့ပါ။ ဒီနှစ်တော့ မဖြစ်မနေတက်ရောက်ရန် မအူပင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ကိုယ်စားပြုကာ စာရေးသူနှင့် ကျင်ဝင်းငြိမ်း(မအူပင်)တို့ လိုက်ပါလာခဲ့သည်။ ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ကို ထူထောင်ခဲ့သော ဆရာဦးဟန်ညွှန့်မိသားစုဝင် ဦးစိုးငွေး (မူဆယ်စားသောက်ဆိုင်)က ကားစီစဉ်ပေးသည်။

ကျုံနတ္တော်ကျေးရွာကိုသွားလိုလျှင် တစ်ချိန်က ကွင်းလမ်းက သွားရသဖြင့် ခရီးမတွင်။ မနှစ်ကဆိုလျှင် စာရေးဆရာအဖွဲ့ကို စစ်ချောင်းကျေးရွာကိုပို့၊ ထိုမှတစ်ဆင့် ကျုံနတ္တော်ကိုလှည်းဖြင့် ခေါ်ယူရသည်ဟု သိရသည်။ ယခုမူ မအူပင်မြို့အနောက်ဘက် အောင်ဟိတ်ကျေးရွာနှင့် ဆိပ်သာကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို နိုင်ငံတော်က တည်ဆောက်ပေးထားသည်။ လမ်းအရှည် ရှစ်မိုင်၊ ခြောက်ဖာလုံ ရှိသည်။

**လမ်းဘေးဝဲယာရှိဆက်သွယ်ရန် ခက်ခဲသော ရွာများ မြို့နှင့် ဆက်သွယ်ရန် လွယ်ကူသွားသည်။ ကျေးရွာများ ခေတ်မီတိုးတက် နေကြောင်းကို ထိုကားလမ်းပေါ်တွင် ဥဒဟိုသွားလာနေသော ကျေးရွာသူ ကျေးရွာသားတို့၏ စက်ဘီး၊ဆိုင်ကယ်တို့က သက်သေပြနေသည်။ ရွှေရောင်၊ မြရောင်ခြယ်သထားသော နွေစပါးခင်းများ၊ ရင့်မှည့်နေသော နေကြာခင်းများ၊ ဤသည်တို့မှာ ကျေးရွာများ၏ ဓနအင်အားခိုင်မာမှုကို ဖော်ပြနေသည်။**

**လမ်းဘေးဝဲယာရှိ ဆက်သွယ်ရန် ခက်ခဲသောရွာများ မြို့နှင့် ဆက်သွယ်ရန် လွယ်ကူသွားသည်။ ကျေးရွာများ ခေတ်မီတိုးတက်နေကြောင်းကို ထိုကားလမ်းပေါ်တွင် ဥဒဟိုသွားလာနေသော ကျေးရွာသူ ကျေးရွာသားတို့၏ စက်ဘီး၊ဆိုင်ကယ်တို့က သက်သေပြနေသည်။ ရွှေရောင်၊ မြရောင်ခြယ်သထားသော နွေစပါးခင်းများ၊ ရင့်မှည့်နေသော နေကြာခင်းများ၊ ဤသည်တို့မှာ ကျေးရွာများ၏ ဓနအင်အားခိုင်မာမှုကို ဖော်ပြနေသည်။**

လမ်း၏ယာဘက် ရေလဲကြီးကျေးရွာအနီးတွင် သဘာဝဓာတ်ငွေ့များ တူးဖော်နေသော မြင်ကွင်းကိုလည်း မြင်တွေ့လိုက်ရသည်။ ဤဒေသ၊ ဤလမ်းအတွေ့အကြုံရှိသော ကားဆရာနှင့် ကားပေါ်မှ ကျွန်တော်တို့အုပ်စု မျက်မှောက်ဒေသ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာမှုကို စကားလက်ဆုံ ကျမိခဲ့ကြသည်။

ထိုသို့ စကားလက်ဆုံကျနေရင်း မကြာသေးမီက BBC က ထုတ်လွှင့်သော "ကျေးတမာနှင့် ပေဖူးလွှာ"အခန်းတွင် ဘိုကလေးမြို့မှ မသီတာစိုးဆိုသူ၏ ပေးစာထုတ်လွှင့်သွားခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။ ထိုပေးစာတွင် သတင်းစာများ၌ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုများ ရေးသားနေသော စာရေးဆရာ၊ ဆောင်းပါးရှင်များနှင့် စာရေးသူ အပါအဝင် ကလောင်အမည်တွေ ထုတ်ဖော်ပြီးဝေဖန်သွားခဲ့သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု မရှိတာကို ရှိသယောင် အစိုးရဘက်က ဘက်လိုက်ရေးသားနေကြောင်း မမှန်မကန် စွပ်စွဲ ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါ ဘိုကလေးမြို့မှ မသီတာစိုးသည် မျက်မမြင်တစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို လက်တွေ့ကြည့်၍ ကောက်ချက်ချမိသည်။

နိုင်ငံတော်အကြီးအကဲက-

> **"နိုင်ငံသားများရဲ့ Intellectual Power မြင့်မားပြီး အမှားအမှန်ကို ဦးနှောက်နဲ့ ခွဲခြားစဉ်းစားတတ်မှသာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း"**

သြဝါဒပြု လမ်းညွှန်ထားသည်။ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခဲ့သည်။

စာရေးသူတို့ ဧရာဝတီတိုင်းအနေဖြင့် တိုင်းလုံးကျွတ် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ ထူထောင်ပြီးခဲ့ပြီးဖြစ်သည်။ ၂၀၀၆ခုနှစ် မတ်လ၇ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၌ တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ထူထောင်ပြီးနောက် အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က တိုင်းအတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ငွေသားကျပ် ၅၀၂၉၆၀၀နှင့် စာအုပ်၆၆၈၂အုပ်ကျော်ကို ပေးလှူခဲ့သည်။ စာရေးသူတို့ ဧရာဝတီတိုင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၂၁၁၁ ခု ထူထောင်ခဲ့ပြီးကြောင်း သိရသည်။

**ခြင်ကျား (မအူပင်)**

စာရေးသူတို့၏ မအူပင်မြို့နယ်၌လည်း စာကြည့်တိုက်ပေါင်း ၄၄၂ခုဖွင့်လှစ်၍ ကျေးရွာတိုင်းအထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးခဲ့ပြီးဖြစ်သည်။ မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ဆိုလျှင် ၂၀၀၁ခုနှစ်ကပင် ဒေသခံ ကွယ်လွန်သူဆရာကြီး ဦးဟန်ညွှန့်၏ သားသမီးများက လှူဒါန်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်က မအူပင်မြို့မှ ကျုံနတ္တော်ကျေးရွာအထိ နွေရာသီ၌သာ လှည်းလမ်းမှ ကားဖြင့်နှစ်နာရီကြာ ခက်ခဲစွာသွားခဲ့ရသော်လည်း ယခုအခါ မြို့နှင့်ကျေးရွာ ကျေးရွာချင်းဆက် ကားလမ်းများ ဖောက်လုပ်ပြီးဖြစ်သဖြင့် ၄၅မိနစ်ဖြင့် ချောမွေ့စွာ ရောက်ရှိခဲ့ပြီ။

စာရေးသူတို့အဖွဲ့သည် ကျုံနတ္တော်ကျေးရွာ အလင်းရောင် စာကြည့်တိုက်၌ ခေတ္တအပန်းဖြေရင်း စာကြည့်တိုက်အဆောက်အအုံကို လေ့လာခဲ့ကြသည်။ သုံးပင်နှစ်ခန်း နှစ်ထပ်တိုက် အဆောက်အအုံဖြစ်သည်။ ဤကျေးရွာစာကြည့်တိုက်တွင် ကတ်တလောက်စနစ် အသုံးပြုနေပြီဖြစ်ကြောင်း တွေ့ရသည်။

စာကြည့်တိုက်ကောင်တာပေါ်တွင် သွပ်ဖြင့်ပြုလုပ်ထားသော သွပ်ပုံးတစ်ခုတွေ့ရပြီး သွပ်ပုံးဘေးတွင် "ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက် နယ်လှည့်စာကြည့်တိုက် လေးအိမ်တန်းကျေးရွာ" ဟူသည့် စာလုံးရေးထားသည်။ ကျုံနတ္တော်ရွာနှင့် အနီးအနားရွာများမှ နယ်လှည့်စာကြည့်တိုက်ပုံးများ တစ်ပတ်တစ်ခါလာယူ၍ ဖတ်ရှုခဲ့ကြကြောင်း၊ ယခုအခါ ထိုကျေးရွာများသည်လည်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးကြောင်း သိရသည်။ သို့ဖြစ်ရာ စာအုပ်အင်အား ဖွံ့ဖြိုးမှုအား အရှိန်အဟုန်မြင့်နေသော ကျုံနတ္တော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှ အနီးနားရွာများကို နယ်လှည့်စာကြည့်တိုက်ပုံးများဝေငှကာ ဆက်လက် အားဖြည့်နေကြောင်း သိရလေသည်။

စာရေးဆရာနန္ဒာသိန်းဇံတို့ စီးနင်းလိုက်ပါလာသောကား မကြာမီ ရောက်ရှိလာသည်။ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကော်မတီမှ ဧည့်သည်များကို ဟင်းရံမြိုင်လှသော ထမင်းပွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ ဆရာနန္ဒာသိန်းဇံမှာ ကျန်းမာရေးချို့တဲ့သည့်ကြားကပင် စာပေဟောပြောပွဲချီးမြှင့်ရန် လာရောက်ခဲ့ကြောင်း သိရသဖြင့် ဆရာ၏စေတနာကို လေးစားဂုဏ်ယူမိသည်။

ကျုံနတ္တော်ကျေးရွာ မိုးကုတ်ဓမ္မာရုံတွင် ကြိုတင်ရောက်ရှိနေသော ဧည့်ပရိသတ်က အပြည့်ဖြစ်သည်။ စာပေဟောပြောပွဲမစမီ စာပေလှူဒါန်းပွဲ စတင်သည်။ ကျုံနတ္တော် ကျေးရွာစာကြည့်တိုက်သို့ စေတနာရှင်များက ၂၁လက်မတီဗွီတစ်လုံး၊ မီးစက်၊ ရေဒီယိုနှင့်ငွေပဒေသာပင်အတွက် ငွေသားသုံးသိန်းကျော် စိုက်ထူလှူဒါန်းခဲ့ကြသည်။ မအူပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်စိုးက စာအုပ်များ လှူဒါန်းခဲ့ပြီး ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ကော်မတီကလည်း မြို့ပေါ်ရှိ ကျေးရွာစာကြည့်တိုက်များကို ထပ်ဆင့်လှူဒါန်းနိုင်ရန် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ ပြန်လည်လှူဒါန်း ခဲ့သည်။

ဤလှူဒါန်းပွဲကို မုဒိတာပွားခဲ့အပြီး၌ စာရေးဆရာ နန္ဒာသိန်းဇံ၏ စာပေဟောပြောပွဲကို စတင်သည်။ တပေါင်းနေ၏ အပူအောက်တွင် စာပေလှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပခဲ့သည်။ ကျုံနတ္တော်ကျေးရွာ ဓမ္မာရုံအရိပ်၏ အေးမြမှုနှင့် ဤသို့ ငါးနှစ်ကာလတိုင် ဖွံ့ဖြိုးရှင်သန်အောင် ကျေးရွာစာကြည့်တိုက်ကို အရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြသော စေတနာအရိပ်ကလည်း တပေါင်းနေ၏အပူကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။

မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာစာကြည့်တိုက်သည် စာကြည့်တိုက်များ၏ ထူးခြားသော ဝိသေသ (၅)ရပ်နှင့် အံကိုက်ပြည့်စုံလှသည်ကို တွေ့ရှိရသည်။ ထိုဝိသေသ(၅)ရပ်မှာ (က) ပညာရပ်စုံ၊ ရသစုံစာအုပ်များ စုံလင်စွာထားရှိခြင်း၊ (ခ) စင်ဖွင့်စင်ပိတ် နှစ်မျိုးထားရှိခြင်း၊ (ဂ) လူတန်းစား၊ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိ အသုံးပြုနိုင်ခြင်း၊ (ဃ) အခမဲ့ငှားရမ်းဖတ်ရှုနိုင်ခြင်းနှင့် (င) အသင်းဝင်ကြေး၊ လစဉ်ကြေး သတ်မှတ်ကောက်ခံမှုမရှိခြင်းတို့ ဖြစ်သည်။

ထိုအထိမ်းအမှတ် အခမ်းအနား၌ပင် ကျေးရွာစာကြည့်တိုက် စတင်တည်ထောင်သော ဆရာကြီး ဦးဟန်ညွှန့်မိသားစုက စာကြည့်တိုက်မှူး၏ တစ်နှစ်လစာကို လှူဒါန်းခဲ့သည်။

စာရေးသူနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့ ရင်ထဲတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်စေရန် ကာယအား၊ ဉာဏအား၊ ဒါနအားဖြင့် ပံ့ပိုးသူများအပေါ် လေးစားဂုဏ်ယူမိသော စိတ်ကြောင့် ချမ်းမြေ့ပီတိဖြစ်နေပေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် မတ်လ၁၂ရက်နေ့တွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ရေးဌာနတွင် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်-

> **"ယနေ့ပညာခေတ်(Knowledge Age)တွင် မိမိတို့နိုင်ငံကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ပညာကိုအခြေခံသော လူ့ဘောင်(Knowledge Based Society)၊ ပညာကို အခြေခံသော စီးပွားရေး(Knowledge Based Economy)စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရဦးမည် ဖြစ်ကြောင်း"**

ထည့်သွင်းမှာကြားခဲ့ပြီးဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၀၆ခုနှစ် မတ်လ ၁၅ရက်နေ့အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၂၃၉၁ တိုက်ကို တည်ထောင်ပေးခဲ့ပြီးဖြစ်သည်။ စာရေးသူတို့ ဧရာဝတီတိုင်းသည်လည်း ဧရာဝတီတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီနာယက အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၏ ဦးဆောင်မှုဖြင့် တိုင်းလုံးကျွတ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးဖြစ်သည်။ ဤသို့ ရေခံ၊မြေခံ၊ အခြေခံကောင်းသောဒေသ၌ တည်ထောင်ပြီးသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် စာပေဟောပြောပွဲများ၊ စာပေလှူဒါန်းပွဲများ ကျင်းပခြင်းသည် မှန်မြတ်သောလုပ်ငန်းဖြစ်ပါကြောင်း မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲအား လက်တွေ့ရှုမြင်လျက် ခံစားတင်ပြလိုက်ရပါသည်။ ။

---

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

**၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

# ကုလသမဂ္ဂ၏အဆုံးအဖြတ်မပါဘဲ အီရတ်ကိုကျူးကျော်ရန် ကန်သမ္မတက ဗြိတိန်ဝန်ကြီးချုပ်အား ပြောကြားခဲ့ဟုဆို

နယူးယောက် မတ် ၂၉

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအား ၂၀၀၃ခုနှစ် ဇန်နဝါရီလက ကုလသမဂ္ဂဆုံးဖြတ်ချက်မရဘဲ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် ပြောကြားခဲ့ကြောင်း၊ ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးများက အီရတ်နိုင်ငံတွင် လူအများသေကျေစေနိုင်သော လက်နက်များ ရှာဖွေနိုင်ခြင်းမရှိသည့်တိုင်အောင် ကျူးကျော်တိုက်ခိုက်သွားရန် ပြောကြားခဲ့ကြောင်း နယူးယောက်တိုင်းမ်က မတ် ၂၇ရက်၌ ဖော်ပြသည်။**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့် အမေရိကန်သမ္မတဘုရှ်တို့ ဤသို့ တရင်း တနှီး တွေ့ဆုံခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ယင်းတို့နှစ်ဦးသည် ၂၀၀၃ခုနှစ် ဇန်နဝါရီလ ၃၁ရက်က ဗြိတိန်ရှိ ဝန်ကြီးချုပ်ရုံး၌ နှစ်နာရီကြာ တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ သတင်းကို ဘလဲ၏ ထိပ်တန်း နိုင်ငံခြားရေးမူဝါဒ အကြံပေးထံမှ ရရှိခဲ့ကြောင်း ၎င်းသတင်းစာက ကိုးကား ဖော်ပြထားသည်။

**ကိုးကား**

မိမိတို့၏ သံတမန်နည်းလမ်း မဟာဗျူဟာသည် စစ်ရေးအစီအစဉ်ကို ဖြစ်စေခဲ့ကြောင်း၊ ဘလဲ၏ နိုင်ငံခြားရေး ထိပ်တန်းအကြံပေးအရာရှိ ဒေးဗစ်မန်နင်း၏ ပြောကြားချက်ကို အဆိုပါ သတင်းစာက ကိုးကား ဖော်ပြသည်။ **(အင်တာနက်)**

# ဦးခေါင်းနှစ်လုံးပါ အီဂျစ်အမျိုးသမီးငယ်လေး ဦးခေါင်းအပိုကိုဖယ်ရှားပြီး လအနည်းငယ်အကြာ၌သေဆုံး

**ကိုင်ရို မတ် ၂၉**

အသက်တစ်နှစ်အရွယ်ရှိဦးခေါင်းနှစ်လုံးပါ အီဂျစ်အမျိုးသမီး တစ်ဦးမှာ အပိုပါရှိသော ၎င်း၏ ဦးခေါင်းကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားပေးခဲ့ပြီးနောက် အဆိုပါ မိန်းကလေးငယ်မှာ သေဆုံးသွားခဲ့ကြောင်း ဆရာဝန်များက မတ် ၂၆ရက်၌ ပြောကြားသည်။

**ခွဲစိတ်ဖယ်ရှားခဲ့**

အဆိုပါ မိန်းကလေးငယ်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလက ကိုင်ရိုမြို့၌ သူမ၏ ဦးခေါင်းအပိုကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားပေးခဲ့ချိန်၌ သူမအသက်သည် ၁၀လမျှသာ ရှိသေးသည်။ နေထိုင်ရမှုမှာ လွတ်လပ်ခြင်းမရှိသည့်အတွက် သူမ၏ ဦးခေါင်းအပိုကို ခွဲစိတ်ဖယ်ရှားပေးခဲ့ခြင်း ဖြစ်သည်။

ဆရာဝန်များက သူမ၏ ဦးခေါင်းအပိုကို ၁၃နာရီကြာအောင် ခွဲစိတ်ပေးခဲ့ရပြီး ခွဲစိတ်ပေးခဲ့သည့်အချိန်၌ ဆရာဝန်များအတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ခဲ့သည်။

ဦးခေါင်းအပိုကို မဖယ်ရှားမီ တွေ့ရစဉ်။

မာနာအမည်ရှိ အဆိုပါ မိန်းကလေးသည် ခွဲစိတ်ပေးခဲ့ပြီးနောက်ပိုင်း လအနည်းငယ်ကြာ ကျန်းမာရေး တိုးတက်မှုရှိခဲ့သော်လည်း တစ်စတစ်စ ကျန်းမာရေး ချို့ယွင်းလာပြီးနောက် မတ် ၂၆ရက် တနင်္ဂနွေနေ့ နံနက် ၃နာရီတွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ကွန်ပျူတာဒစ် ခိုးကူးသည့် ကုမ္ပဏီ ၁၄ခု တရုတ်အစိုးရက ပြစ်ဒဏ်ချမှတ်ခဲ့

ပေကျင်း မတ် ၂၉

**တရုတ်နိုင်ငံသည် နိုင်ငံတစ်ဝန်း၌ ကွန်ပျူတာဒစ်များ ခိုးကူးလျက်ရှိကြသည့် ကုမ္ပဏီ ၁၄ခုအား ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း တရုတ်နိုင်ငံ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးစီမံခန့်ခွဲမှုဌာနက ပြောကြားသည်။**

ဇန်နဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါ လှုပ်ရှားဆောင်ရွက်ခဲ့မှုတွင် တရုတ်နိုင်ငံ၏ ပြည်နယ်များ၊ ဒေသများနှင့် မြူနီစီပယ်အုပ်ချုပ်ခွင့်ရဒေသ ၁၈ခု၌ ကွန်ပျူတာဒစ်ဆင့်ပွားကူးသည့်လုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကုမ္ပဏီ ၄၈ခုကို စစ်ဆေးခဲ့ရာ ၁၄ခုမှာ တရားမဝင် ကူးယူထုတ်လုပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

**ညှိနှိုင်းလျက်ရှိ**

၎င်းတို့အနက် ကုမ္ပဏီခြောက်ခုကို လုပ်ငန်းလိုင်စင် သိမ်းလိုက်ပြီး ရှစ်ခုကိုမူ ထုတ်လုပ်မှု ရပ်ထားစေကာ ညှိနှိုင်းလျက်ရှိဆဲ ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကွန်ပျူတာဒစ်ဆင့်ပွား ကူးယူမှုလုပ်ငန်းသည် ကမ္ဘာ့စုစုပေါင်း ဒစ်ဆင့်ပွားကူးယူမှု၏ ငါးပုံတစ်ပုံအထိ တိုးတက်သွားခဲ့ပြီး ကူးယူမှုနည်းပညာသည်လည်း တိုးတက်ကောင်းမွန်ခဲ့ကြောင်း စီမံခန့်ခွဲမှုဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

**ချေမှုန်းတိုက်ဖျက်**

တရုတ်အစိုးရသည်ဖွံ့ဖြိုးတိုးတက်မှုများကို ကြံဆရှာဖွေရာတွင် တီထွင်မှုပမာဏစွမ်းအားကို တိုးမြှင့် နိုင်ရေးအတွက် မူပိုင်ခွင့် ချိုးဖောက်မှုများကို အရေးယူမှုအဖြစ် ကွန်ပျူတာ ဒစ်ခိုးကူးမှုများကို ချေမှုန်းတိုက် ဖျက်ရန် သန္နိဋ္ဌာန် ချလိုက်သည်မှာ ထင်ရှားကြောင်း ဆင်ဟွာက ဖော်ပြသည်။

**ပြစ်ဒဏ်ချမှတ်**

၂၀၀၅ခုနှစ်တွင် တရုတ်တရားရုံးများသည် ဉာဏ်ရည်ပိုင်းဆိုင်ရာ ဥပဒေချိုးဖောက်မှုပေါင်း ၃၅၀၀ကို တရားစွဲဆိုခဲ့ရာ ၂၀၀၄ခုနှစ်ကထက် ၂၈ရာခိုင်နှုန်း ပိုမိုများပြားခဲ့ပြီး လူ ၅၃၃၆ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့ရာတွင်လည်း ၂၀၀၄ ခုနှစ်ကထက် ၃၀ရာခိုင်နှုန်း ပိုမိုများခဲ့ကြောင်း ပြည်သူ့တရားရုံးချုပ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အပြည်ပြည်ဆိုင်ရာ တရုတ်ဖက်ရှင်ပြပွဲ

**ပေကျင်း မတ် ၂၈**

တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ မတ် ၂၆ရက်တွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ တရုတ်ဖက်ရှင်ပြပွဲ၌ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကိုယ်ဟန်ပြ မယ်များနှင့် ဒီဇိုင်းပညာရှင်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ယာပုံ)**

ဒီဇိုင်း ပညာရှင်များ ဆန်းသစ် တီထွင်ထားသည့် ဒီဇိုင်းပုံစံများမှာ ထူးခြားပြီး ဆွဲဆောင်မှုရှိကာ ဆန်းသစ်မှုလည်းရှိသည်။ ယခုကဲ့သို့ နိုင်ငံတကာဖက်ရှင်ပြပွဲပြုလုပ်ခြင်းသည် တရုတ်နိုင်ငံမှ အထည်အလိပ်၊ အသင့်ချုပ် အဝတ်အထည်၊ ရှူးဖိနပ်နှင့် ဦးထုပ်များ ပြည်ပသို့ တင်ပို့မှု ပိုမိုမြင့်မားတိုးတက်စေကြောင်း သိရသည်။

**(အင်တာနက်)**

# ခရီးသွားလုပ်ငန်းမှ ဒေါ်လာလေးဘီလီယံကျော် ဗီယက်နမ်နိုင်ငံ ရရှိရန်မျှော်မှန်း

ဟန္နိုင်း မတ် ၂၉

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလတာကာလအတွင်း နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားဦးရေ တစ်သန်းကျော်လာရောက်ခဲ့ကြောင်း နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။**

ဗီယက်နမ်နိုင်ငံသို့ အများဆုံး လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသွားများမှာ ရုရှား၊ အမေရိကန်၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ ထိုင်း၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဟော်လန်နိုင်ငံတို့ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့(ဗီအင်အေတီ)မှ အရာရှိတစ်ဦးက မတ် ၂၇ရက်၌ ပြောကြားသည်။

**ပြောကြား**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၅ဘီလီယံရရှိအောင် မျှော်မှန်းထားသည်။ ထိုသို့ ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်မှုရှိစေရေးအတွက် ပြည်တွင်း၌ လမ်းများ အဆင့်မြှင့်တင်ခြင်း၊အခြေခံအဆောက်အအုံအသစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းတို့ကို ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၅ဒသမ ၅သန်းမှ ခြောက်သန်းအထိ တိုးမြှင့်လာရောက်မည်ဟု မျှော်မှန်းထားပြီး ၂၀၁၀ပြည့်နှစ်တွင် ပြည်တွင်းခရီးသွား ၂၅သန်းမှ ၂၆သန်းအထိတိုးမြှင့်လာမည်ဟု ခန့်မှန်းထားသည်။

**ခရီးသွားလာခဲ့**

ထိုသို့ခရီးသွားများ တိုးမြှင့်လာရောက်မှုကြောင့် ဗီယက်နမ် ခရီးသွား လုပ်ငန်း အမေရိကန်ဒေါ်လာလေးဘီလီယံမှ ၄ဒသမ ၅ဘီလီယံအထိရရှိမည်ဟု မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်က ကမ္ဘာလှည့်ခရီးသွား ၃ဒသမ ၅သန်း လာရောက်ခဲ့ပြီး ပြည်တွင်းခရီးသွား ၁၆သန်းအထိ ခရီးသွားလာခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်ပြည်နယ် ရှန်ကျန်းမြို့တွင် ကျင်းပသည့် တရုတ်နိုင်ငံတကာ သတင်းဓာတ်ပုံ ပြိုင်ပွဲ၌ ဆုရရှိခဲ့သော အမေရိကန်နိုင်ငံမှ ဂျွမ်စတန်မီယာ ရိုက်ကူးခဲ့သည့် ဓာတ်ပုံကို တွေ့ရစဉ်။**(ယာပုံ)

အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီသဘာဝဘေးဒဏ် ကျရောက်ခဲ့စဉ် ငါးဖမ်းစက်လှေတစ်စီး ဆူနာမီလှိုင်းများ ရိုက်ခတ်မှုကြောင့် ဟိုတယ်တစ်လုံး၏ ရှေ့သို့ ရောက်ရှိခြင်းကို သတင်းဓာတ်ပုံအဖြစ် ရိုက်ကူးယှဉ်ပြိုင်ခဲ့ရာ သဘာဝနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

**(ဓာတ်ပုံ–အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## နှစ်ပေါင်းငါးသိန်းခန့်ကလူ့ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်း အီသီယိုးပီးယား၌ ပညာရှင်များရှာဖွေတွေ့ရှိခဲ့

**အဒစ္စအာဘာဘာ မတ် ၂၉**

အီသီယိုးပီးယားနိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာနေသော ပညာရှင်များသည် လူသားဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ မတ် ၂၇ရက်က ဖော်ပြသည်။

လူ့ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရစဉ်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ဦးခေါင်းခွံသည် အစိတ်အပိုင်းနှစ်ခုအဖြစ် ကွဲနေပြီး လွန်ခဲ့သော နှစ်ပေါင်း ငါးသိန်းနှင့် နှစ်သိန်းငါးသောင်းခန့်က လူသားတစ်ဦး၏ ဦးခေါင်းခွံဖြစ်နေကြောင်း ၎င်းကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့က လက်ခံယုံကြည်ထားကြသည်။

**ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်**

ယင်းကျောက်ဖြစ်ရုပ်ကြွင်းသည် လူသားများ၏ သမိုင်းကို အတိအကျလေ့လာနိုင်မည့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးစီမံကိန်း ညွှန်ကြားရေးမှူး ဒေါက်တာ ဆီလီရှီဆီမောက ပြောကြားသည်။

ယင်းလူ့ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းကို အီသီယိုးပီးယားနိုင်ငံအရှေ့မြောက်ပိုင်း ဂါဝစ်ဒေသမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ စီမံကိန်းညွှန်ကြားရေးမှူးက ပြောကြားသည်။

**တွေ့ရှိခဲ့**

အဆိုပါ ဒေသမှ ကျောက်လက်နက်ပစ္စည်းများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းတိရစ္ဆာန်များလည်း တွေ့ရှိခဲ့သည်။ ကျောက်ဖြစ်ရုပ်ကြွင်း တိရစ္ဆာန်များတွင် ဝက်များ၊ မြင်းများ၊ ဆင်များ၊ ကြောင်များနှင့် ကိုက်ဖြတ်စားသောက်တတ်သော သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုပါ တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

**(အင်တာနက်)**

## နျူကလီးယားကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့်ဩစတြေးလျတို့ သဘောတူလက်မှတ်ရေးထိုးမည်

ပေကျင်း မတ် ၂၉

**တရုတ်နှင့်ဩစတြေးလျနှစ်နိုင်ငံတို့သည် ယူရေနီယံနှင့်ပတ်သက်သည့် သဘောတူညီချက်တစ်ရပ်ကို လာမည့်လ၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် ဩစတြေးလျနိုင်ငံသို့ အလည်အပတ်ခရီးစဉ်သွားရောက်စဉ် နှစ်နိုင်ငံလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံသည် ၂၀၂၀ပြည့်နှစ်၌ နျူကလီးယား ဓာတ်ပေါင်းဖို ၃၀ခန့် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ခန့်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားရန် စီစဉ်ထားသည်။ အဆိုပါ နျူကလီးယား ဓာတ်ပေါင်းဖိုများမှ နျူကလီးယားစွမ်းအင် မဂ္ဂါဝပ် ၄၀ထုတ်လုပ်နိုင်မည်ဖြစ်သည်ဟု မျှော်မှန်းထားသည်။

**ဆွေးနွေးခဲ့ကြ**

တရုတ်နှင့်ဩစတြေးလျနှစ်နိုင်ငံတို့သည် နျူကလီးယားအစီအစဉ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌သာ အသုံးပြုသွားရန်လည်း ဆွေးနွေးခဲ့ကြပြီးဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိ လူကျိုယီက သတင်းထောက်များအား ပြောကြားသည်။

ထို့ကြောင့် နျူကလီးယားကဏ္ဍနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပွင့်လင်းစွာ ဆက်လက်ပြုလုပ်သွားရန်လည်း နှစ်ဦးနှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

ထိုသို့ နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင် အေဂျင်စီ၏ မူဘောင်အတွင်းမှ ပြုလုပ်သွားမည် ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

## စင်ကာပူ၌ အင်တာပိုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

စင်ကာပူ မတ် ၂၉

**စင်ကာပူနိုင်ငံက အိမ်ရှင်နိုင်ငံအနေဖြင့် ကျင်းပပြီး နိုင်ငံတကာ ရာဇဝတ်ဆိုင်ရာ ရဲတပ်ဖွဲ့(အင်တာပို)က ကြီးမှူးကျင်းပသည့် အာရှနိုင်ငံများ ဒေသတွင်း အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၂၇ရက်က ဖွင့်လှစ်ခဲ့သည်။**

အာရှနိုင်ငံ ၃၇နိုင်ငံမှ အဆင့်မြင့် ရဲအရာရှိကြီးများနှင့် အစိုးရအရာရှိကြီးများ၊ ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် သုံးရက်ကြာ ကျင်းပသည့် ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

၎င်းတို့သည် ဇီဝ-မတော်တဆဖြစ်မှု စုံစမ်းစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်း ဘေးကင်းလုံခြုံမှု ထိရောက်သော ဥပဒေများပြဋ္ဌာန်းခြင်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ပြီး ဇီဝအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက် ဖြေရှင်းရန်တို့ကို ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

**ညှိနှိုင်းဆောင်ရွက်**

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်မှန်းချက်သည် ဇီဝအကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ တိုက်ခိုက်နှိမ်နင်းမှုများတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် နိုင်ငံဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းရန်တို့ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ကီလိုမီတာ ၄၀၀၀ စက်ဘီးဖြင့် ခရီးကြမ်းနှင်ခဲ့သူ



**ကီလိုမီတာ ၄၀၀၀ ခရီးကြမ်းကို ရှေးခေတ်စက်ဘီးဖြင့် စီးပြခဲ့သူ သွေးကင်ဆာဝေဒနာရှင် စကော့ကို တွေ့ရစဉ်။** (ယာပုံ)

စကော့သည် သွေးကင်ဆာဝေဒနာရှင်သည် ကလေးများအား ကူညီထောက်ပံ့ရေးအဖွဲ့၏ ဘဏ္ဍာငွေ တိုးမြှင့်ရေး ဆောင်ရွက်မှု အဖြစ် ဩစတြေးလျနိုင်ငံတွင် ရက် ၅၀အတွင်း ခရီးကြမ်း ကီလိုမီတာ ၄၀၀၀ကို နေချစ်ချစ်တောက်ပူနေချိန်၌ ရှေးခေတ် စက်ဘီးကြီးကိုစီးပြ၍ ဘဏ္ဍာငွေရှာဖွေပေးခဲ့သည်။

**(အင်တာနက်)**

### မြွေလူသား



**အဆိပ်ပြင်းသော မြွေပွေးအရှင် ကိုးကောင်ကို ပါးစပ်ဖြင့် ကိုက်၍ ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်းနေသော မြွေလူသားကို တွေ့ရစဉ်။**(ဝဲပုံ)

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တွင် ဂျက်ကီဆိုသူတစ်ဦးက ယခင် မြွေပွေးရှစ်ကောင်ကို ပါးစပ်ဖြင့် ကိုက်ပြ၍ ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သူ၏ စံချိန်ကိုချိုး၍ မြွေပွေးကိုးကောင်ကို ပါးစပ်တွင်ကိုက်ပြ၍ ဂင်းနက်စ်မှတ်တမ်းဝင်ရန် ယင်းသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

## နှလုံးရောဂါအန္တရာယ် လျော့ပါးရေး အိုမေဂါ-၃ အဆီထုတ်ပေးသည့် ဝက်များမွေးမြူမည်

**ပစ္စဘတ် မတ် ၂၉**

နှလုံးအတွက် ကောင်းမွန်သည်ဟူ၍ ကျယ်ကျယ်ပြန့်ပြန့် ဆွယ်တရားဟောနေသည့် ဓာတ်ပေါင်း များထုတ်လုပ်သည့် ဝက်များကို သိပ္ပံပညာရှင်များက ဖန်တီးမွေးမြူထားသည်။

အိုမေဂါ-၃ အဆီများက နှလုံးရောဂါအန္တရာယ်ကို လျော့ချနိုင်ကြောင်း သုတေသနပြုချက်အများအပြားက ညွှန်ပြနေသည်။

မွေးမြူရေးခြံရှိ ဝက်များကို တွေ့ရစဉ်။

**အသုံးချ**

နှလုံးရောဂါအန္တရာယ် လျော့ချနိုင်သည့် အဆီများထုတ်လုပ်ပေးသော ဝက်များကို မွေးမြူရန် ပစ္စဘတ်တက္ကသိုလ် ဦးဆောင်သည့်အဖွဲ့က ဗီဇနည်းပညာကို အသုံးချဆောင်ရွက်လျက်ရှိသည်။

**စားသုံး**

လောလောဆယ်တွင် လူသား သည် အိုမေဂါ-၃ အဆီပေါသော အက်စစ်များကို ရယူခံစားစေရန် တစ်ခုတည်းသော နည်းလမ်းမှာ ဓာတ်စာဖြည့်စွက်ချက်၊သို့မဟုတ် ပြဒါးပါဝင်မှု မြင့်မားလာသည့် ငါးကို စားသုံးခြင်းဖြင့် ရရှိနိုင်သည်။

ဝက်နှင့်လူသားသည် တူညီသောဇီဝဓာတ်မရှိကြကြောင်း သုတေသီ ဒေါက်တာ ရန်ဒီပရာသာက သုံးသပ်လိုက်ပြီးနောက် ခန္ဓာကိုယ်အတွင်း အိုမေဂါ-၃ အဆီဓာတ်ပါဝင်မှု မြင့်တင်လျှင် နှလုံးကျန်းမာရေးကို မည်သို့ ဖြစ်စေသနည်းဟူသည်ကို သိရှိရန် မိမိတို့သည် တိရစ္ဆာန်များကို အသုံးချ သင့်ကြောင်း ပြောကြားလိုက်သည်။

**သက်သာစေနိုင်**

ပထမအချက်အနေဖြင့် ဝက်များ နှလုံးသွေးကြော လည်ပတ်မှု ပိုမို ကောင်းမွန်ပြီး အသက်ပိုရှည်လာနိုင်သည်။ ထို့ကြောင့် မွေးမြူသူများ အနေဖြင့် အဆုံးအရှုံး သက်သာစေနိုင်သည်။

**သင့်လျော်**

ဒုတိယအချက်မှာ ဝက်များမှာ လူတို့ကျန်းမာရေးအတွက် ပိုမိုစားသုံးရန် သင့်လျော်သော သားစားတိရစ္ဆာန်များ ဖြစ်လာနိုင်သည် ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကွင်းဆင်းလေ့လာရေးကျောင်းသားကျောင်းသူများအားတွေ့ဆုံ

**ရန်ကုန် မတ် ၂၉**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် နောက်ဆုံးနှစ် နည်းပညာဆိုင်ရာ လုပ်ငန်းခွင်ကွင်းဆင်းလေ့လာရေး ကျောင်းသားကျောင်းသူများ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၇ ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်စုဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာအောင်သန်းနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် အနောက်မုခ် အာရုံခံတန်ဆောင်းတွင် ကြွေပြားများခင်းရန်အတွက် တိုက်အမှတ် ၃၀၇/၁၅ အရှေ့ရန်ကင်းနေ ဒေါ်စိုးစိုးညွန့် သမီး မမိမိစန်းမြင့်မိသားစုက အလှူငွေကျပ် ၄၀၀၀၀၀ကို ဂေါပက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ အလှူငွေပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် (၈)လမ်း အမှတ် ၇၆(က)နေ ဦးဖိုးဟန်၊ ဒေါ်အုန်းမေ၊ ဦးလှမြင့်တို့အား ရည်စူး၍ ဦးစောမောင်ဌေး-ဒေါ်ခင်ဝင်းမြင့် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် ၁၁၅၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သီတဂူကြယ်တစ်ပွင့်၏ဓမ္မသဘင်

**ရန်ကုန် မတ် ၂၉**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်းငြိမ်းချမ်းရွှေပြည် ကျောင်းတိုက်၏ ပဓာနနာယက သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၌ ဧပြီ ၈ရက်ညတွင် နဘဲပင်ရွာ စဉ့်ကိုင်မြို့နယ်၊ ၉ ရက်ည၌ ဌေးအောင်ရွာ မြိုင်မြို့နယ်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက် ညများတွင် ဆူးဝင်းရွာ မြိုင်မြို့နယ်၊ ဧပြီ ၁၃ရက်မှ ၁၆ရက် ညအထိ အမရဝတီကျောင်းတိုက် ကုန်းတလဘောင်ရွာ မင်္ဂလာဒုံမြို့နယ်၊ ၁၇ရက်ည၌ အလတ်ချောင်းရွာ ကြည့်မြင်တိုင်မြို့နယ်၊ ၁၈ရက်နှင့်၁၉ရက် ညများတွင် ယုဇနဓမ္မာရုံ (၂)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

## ကုန်သည်/ စက်မှုအသင်းချုပ်နှစ်ပတ်လည်အစည်းအဝေး ဒဂုံမြို့နယ် အမျိုးသားဓာတ်ရုံ၌ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၃၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင် အသင်းသားများထံ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များ အားလုံးမပျက်မကွက် အစည်းအဝေးသို့ တက်ရောက်ကြရန်နှင့် အစည်းအဝေး မကျင်းပမီ မွန်းလွဲ ၁နာရီတွင် ကြိုတင်ရောက်ရှိ နေရာယူကြရန်ဖြစ်သည်။

အစည်းအဝေးကျင်းပမည့် မတ် ၃၁ရက်တွင် အသင်းချုပ် အသင်းဝင် ကုမ္ပဏီများက ထုတ်လုပ်သည့် ပြည်ပပို့ကုန်အဆင့်ရှိသည့် မြန်မာ့ ထုတ်ကုန် ပစ္စည်းများကို UMFCCI AGM EXHIBITION -2006 အဖြစ် ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အိန္ဒိယစီးပွားရေးလျင်မြန်စွာတိုးတက် ရူပီးငွေခိုင်မာမှုရရှိစေရန်စီစဉ်ဆောင်ရွက်

**မွမ်ဘိုင်း မတ် ၂၉**

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အစီအစဉ်များအရ အိန္ဒိယနိုင်ငံ၏ လက်ရှိငွေကြေးထိန်းချုပ်မှုကို စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ရူပီးငွေအပေါ်ခိုင်မာမှုရှိရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယရူပီးငွေသည် တစ်ဒေါ်လာလျှင် ၄၅ ရူပီးရှိနေသည်။ ပင်လယ်ရပ်ခြားကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် နိုင်ငံခြားငွေများ ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၌ အရန်နိုင်ငံခြားငွေ ဒေါ်လာ ၁၄၄ ဘီလီယံရှိပြီး လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဘဏ္ဍာရေးဝန်ကြီးချီဒန်ဘာရမ်တို့က တနင်္လာနေ့က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် မတ် ၃၁ ရက်အထိ ယခုဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် မျှော်လင့်ထားကြောင်း သိရသည်။ ယင်းမှာယမန်နှစ်ကထက် ၇ ဒသမ ၅ ရာခိုင်နှုန်းမှ မြင့်တက်လာမည့် ရာခိုင်နှုန်းပင် ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၀ ဘီလီယံဖိုးရှိသည်။ ယင်းမှာ ယမန်နှစ်ကထက် နှစ်ဆတိုးလာခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဘာရာဇီးနှင့်မွန်ဂိုလီးယားအကြားကမ္ဘာ့ပြည်သူများ လုံးဝနေကြတ်ခြင်းကို စိတ်ဝင်တစားလေ့လာခဲ့ကြ

**ဂါနာ မတ် ၂၉**

မတ် ၂၉ရက် မွန်းလွဲပိုင်းက လုံးဝနေကြတ်ခြင်းဖြစ်ပေါ်ခဲ့ရာ ဘာရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းမှ မွန် ဂိုလီးယားအထိ ကမ္ဘာ့နိုင်ငံအသီးသီးရှိ သိပ္ပံပညာရှင်များနှင့် ကမ္ဘာလှည့်ခရီးသွားများနှင့် စိတ်ပါဝင်စားသူများသည် အားကစားကွင်းများနှင့် ကမ်းခြေများတွင် လာရောက်ကြည့်ရှုကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လုံးဝနေကြတ်ခြင်းကို ကြည့်ရှုရာတွင် အာဖရိကအနောက်ပိုင်းနိုင်ငံများ၌ သက်ဆိုင်ရာအစိုးရများက ပညာတိုးပွားစေရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

တိုဂိုတွင် ရာပေါင်းထောင်နှင့်ချီသော ပြည်သူများနေကြတ်ခြင်းကို ကြည့်ရှုသည့်မျက်မှန်များ တပ်ဆင်လျက်ကြည့်ရှုလေ့လာခဲ့သည်။

ထိုနေ့တွင် နေလုံးဝကြတ်ခဲ့သဖြင့် ကလေးငယ်များ ကျန်းမာရေးထိခိုက်မည်စိုးရိမ်သဖြင့် နေအိမ်မှ အပြင်မထွက်ရန် တိုဂိုကျန်းမာရေးဝန်ကြီးက ရုပ်မြင်သံကြားမှတစ်ဆင့် သတိပေးပြောကြားခဲ့သည်။

နေကြတ်ရာလမ်းကြောင်းတစ်လျှောက်တွင် ညသည် နေ့ဖြစ်လာပြီး ကမ္ဘာမြေနှင့်နေ အကြား လထွက်ပေါ်လာမည်ဖြစ်သည်။ လ၏အစွန်းဘက်တွင် ရောင်ခြည်များထွက်လာပြီး ယင်းသည် လူများ၏မျက်စိကို အန္တရာယ်ဖြစ်စေနိုင်သည်။

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

ဂါနာနိုင်ငံ အက်ခရာဒေသ ကောင်းကင်ယံ၌ နေ့အခါတွင် ညကဲ့သို့ လုံးဝမှောင်အတိကျပြီး နေကြတ်နေသည်ကို ဤသို့တွေ့ရသည်။ (အင်တာနက်)

ဂါနာနိုင်ငံ အက်ခရာဒေသရှိ ကျောင်းသားများနေကြတ်နေခြင်းကို နေကာမျက်မှန်များတပ်ဆင်လျက် ဤသို့ လေ့လာကြည့်ရှုခဲ့ကြသည်။ ဓာတ်ပုံ-အင်တာနက်

အဆိုပါနေလုံးဝကြတ်ခြင်းကို ဘာရာဇီး၊ ဂါနာ၊ တိုဂို၊ ဘီနင်၊ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ လစ်ဗျားအနောက်မြောက်ပိုင်း၊ အီဂျစ်၊ တူရကီအနောက်မြောက်ပိုင်း၊ ဂျော်ဂျီယာအနောက်မြောက်ပိုင်း၊ ရုရှား၊ ကာဇက်စတန်အနောက်မြောက်ပိုင်းနှင့် မွန်ဂိုလီးယားမြောက်ပိုင်းတို့မှ ပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(ကိုးကား-အင်တာနက်)**

## သဲအင်းဂူတရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၂၉**

တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းတိုက်၏ (၅)ကြိမ်မြောက် သဲအင်းဂူတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)နှင့် (၆)ဝိုင်းဆရာတော် ဘဒ္ဒန္တဝိရိယ ဓမ္မာစရိယ ဝိနယဝိဒူ၊ ဘဒ္ဒန္တစိန္တာမယ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နည်လှည့် သာသနာပြု ဓမ္မကထိက အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဧပြီ၁၀ရက်(တနင်္လာနေ့)ညနေ ၅နာရီ အရောက်လာကြရန်နှင့် ကျောင်းတိုက်သို့ကြိုတင်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သံအမတ်ကြီး ဦးသက်ဝင်းအား ပူးတွဲခန့်အပ်

**ရန်ကုန် မတ် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သြစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းအား နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## အရှင်ဇဝန(ပဲခူး)၏ဓမ္မသဘင်များ

**ရန်ကုန် မတ် ၂၉**

နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် မတ် ၃၀ရက်၊ ၃၁ရက်တွင် ကော့မှူးမြို့ မလွန်ဆန်လှူရေစက်ချ၊ ဧပြီ ၂ရက်၊နှင့်၃ ရက်တွင် မဒေါက်မြို့ မြို့ဦးကျောင်း ရဟန်းခံရှင်ပြုအလှူ၊ ၅ရက်၊၆ရက်တွင်သာကေတ ရန်ပြေ မာဃဓမ္မာရုံ၊ ၇ရက်၊၈ရက်တွင် ကော့မှူးမြို့နယ် နတ်စင်ကုန်းရွာ မလွန်ဆန်လှူရေစက်ချ၊ ၉ရက်တွင် ညောင်လေးပင်မြို့နယ် ဆုံကုန်းရွာ ဓမ္မသဘင်၊ ၁၀ရက်၊ ၁၁ရက်တွင် ပွဲနှတ်ဆာမြို့နယ် ကံဒါးရွာ ဓမ္မသဘင် ၁၅ရက်၊၁၆ရက်တွင် ကျောက်တန်း တာဝရွာ ဓမ္မသဘင် ၁၉ရက်တွင် သနပ္ပင်မင်းရွာ ဓမ္မသဘင်များ၌တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၃) အမှတ်(၇) ထွက်ရှိမည်

**ရန်ကုန် မတ် ၂၉**

ကံ့ကော်ရနံ့များသင်း၍ မွှေးပျံ့ခြင်းနှင့်အတူ နှစ်ဟောင်းကုန်ပြီး နှစ်ဦးအကြိုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ကျေးလက်ဒေသနေတောင်သူဦးကြီးတို့ နှစ်ဦးအကြိုတွင် စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ကောင်းကျိုးသုခများစွာ ရရှိဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကောင်းကျိုးတစ်စုံ တစ်ရာ ပေးစွမ်းနိုင်မည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ကို ၂၀၀၆ခုနှစ် ဧပြီ၁ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။ **(ဓါတ်ပုံ)**

ယခုတစ်ပတ်ဂျာနယ်တွင် ပျားမွေးမြူရေး၊ ထောပတ်သီးဘာကြောင့်စားသင့်၊ စပါးဥပင်၊ ဇီဝဒီဇယ်ထုတ်လုပ်ရေး ကြက်ဆူစိုက်ပျိုးပေး၊ နှမ်းစိုက်ပျိုးရေး၊ ခရမ်းချဉ်ပင် စိုက်စေချင်၊ ပြည်ပဝင်ငွေတိုးစေသည့် ပြောင်းဖူး၊ ခွာနာလျှာနာရောဂါ၊ သူများအသိုက်ကို မောင်ပိုင်စီးတဲ့ငှက်၊ နှစ်သစ်ကူးလ တန်ခူးလ၊ သူခိုးမရှိတဲ့နိုင်ငံ၊ အာနိသင်စုံလင်ငှက်ပျောပင်၊ အညာဒေသဆိတ်မွေးမြူရေး စသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀-၃၂)၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ လသာမြို့နယ် ၂၃ လမ်း ငါးလွှာ အမှတ် ၁၄၆ နေ ဦးညီမောင်-ဒေါ်ခင်သီတာ သား မောင်ဘုန်းမြတ်သူ မိသားစုက အလှူငွေကျပ် တစ်သိန်း တစ်သောင်းကို သဃ်န်းကျွန်းမြို့နယ် ဖြူဗွဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(ဝ၅၂)

## အောင်စကြာတောရ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၉**

သထုံမြို့ ပေါ်တော်မူကျေးရွာ အောင်စကြာတောရ သာသနာ့ရိပ်သာကြီးတွင် ဒုတိယအကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ၁ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အရှင်နန္ဒာစရိယ(သာသနဓဇ ဓမ္မာစရိယ)ပန်းမြို့တော် အရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုကြသော ယောဂီများ ဧပြီ ၁၀ရက် ညနေ၄နာရီအရောက် လာရောက်ကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးနည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ယုဝတီဆောင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် တက်ရောက်အမှာစကား ပြောကြားသည်။**

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ထူးထူးအောင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းတက်ရောက်ကြမည့် ရန်ကုန်တိုင်း၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ၁၀၂ ဦးတို့ တက်ရောက်ကြသည်။

### ကြိုးပမ်းဆောင်ရွက်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်နှင့် အညီ အကြောင်း အမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော အမျိုးသမီးများ စာတတ်မြောက်အောင် ဆောင်ရွက်နိုင်ရေးနှင့် စာတတ်မြောက်လာပါက ဆက်လက်ဆည်းပူး လေ့လာနိုင်ရေးအတွက် စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် သင်တန်းတွင်ပို့ချသော စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာများကို တတ်မြောက်အောင် သင်ယူပြီး အောက်ခြေအထိဆက်လက်ဖြန့်ဝေကာ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### စဉ်ဆက်ပညာရေး

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောအောင်က စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာသိကောင်းစရာများကိုရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပို့ချသွားမည်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် သင်တန်းကိုစတင်ပို့ချရာ အဆိုပါသင်တန်းကို ယနေ့မှစ၍ မတ် ၃၁ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် စာတတ်မြောက်ရေးလုပ်ငန်းသဘောသဘာဝနှင့် ပညာရယူနည်းများ၊ အခြေခံစာစဉ်များသင်ကြားနည်း၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းတာဝန်များ၊ စာတတ်မြောက်ရေးကြိုးပမ်းမှုသမိုင်း၊ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် အကောင်အထည်ဖော်ရာတွင် အမျိုးသမီးရေးရာအဖွဲ့၏ အခန်းကဏ္ဍ၊ စဉ်ဆက်ပညာရေးသဘောအဓိပ္ပာယ်နှင့် လုပ်ငန်းစဉ်များ၊ စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနများဖြင့် အကောင်အထည်ဖော်ခြင်း၊ စဉ်ဆက်ပညာရေးသင်ရိုးပုံစံနှင့် လက်တွေ့လုပ်ငန်းဖော်ထုတ်ခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဝင်ငွေတိုးလုပ်ငန်း၊ စဉ်ဆက်ပညာရေးသင်ရိုးအကောင်အထည်ဖော်ခြင်း၊ စဉ်ဆက်ပညာရေးဆိုင်ရာ သင်ကြားသင်ယူမှုပစ္စည်းများထုတ်လုပ်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များနှင့် သင်ပြနည်း၊ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်များ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲနည်း၊ အဖွဲ့လိုက် စီမံချက်များရေးဆွဲခြင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မတ် ၂၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက် မာဃလမ်းရှိ မာဃဓမ္မာရုံတော်ကြီးဝင်းအတွင်း တည်ဆောက်လျက်ရှိသော နှစ်ထပ်ယောဂီဆောင်ကြီးတွင် ၁၀ပေပတ်လည်ခန်းဖွင့်အတွက် အလှူငွေကျပ်တစ်သိန်းကို မောင်ဝင်းနိုင်ဦးနှင့် မရီရီထွန်း (သရုပ်ပြ၊ အစိုးရနည်းပညာကောလိပ်၊ ဗန်းမော်)တို့က မင်္ဂလာဦးအလှူအဖြစ်ပေးအပ်လှူဒါန်းရာ ဓမ္မာရုံတော်ကြီး၏နာယက၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးဝမ်နီတို့က လက်ခံယူစဉ်။**

(က-ပ)

## သန့်ရှင်းသာယာရေးလုပ်ငန်းများစစ်ဆေး

**ရန်ကုန် မတ် ၂၉**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းသည် မတ် ၁၆ရက်က ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိနေသော မြို့နယ်သန့်ရှင်းသာယာရေးလုပ်ငန်းများဖြစ်သည့် အဖွဲ့ပိုင် ပျိုးဥယျာဉ် လမ်းလယ်ကျွန်းပန်းခြံနှင့် ကျောက်ဖြူမြို့အဝင်ရှုခင်းသာနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၃-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၇။ | အရေးပြိုင်ပွဲ |
| ၈း၁၀ | ၈။ | အကပဒေသာ |
| ၈း၂၀ | ၉။ | သံလွင်တံတား(တာပါး) |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Let's Go |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၆း၅၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇း၀၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၁၅ | ၇။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၇း၂၅ | ၈။ | အဆိုပြိုင်ပွဲ |
| ၁၇း၃၀ | ၉။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၇း၄၀ | ၁၀။ | တေးဂီတအစီအစဉ် |
| ၁၇း၅၀ | ၁၁။ | နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည် |
| ၁၈း၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၄။ | အတီးပြိုင်ပွဲ |
| ၁၈း၅၀ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၇) |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၁၉) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၃-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ(အပိုင်း-၂) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် |
| ၇း၄၀ | တေးဂီတအစီအစဉ် |
| ၇း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၅၀ | လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမုန့်ကြော်နှပ်ချက်) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | စပါးစပ်မျိုးမှ ဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွား စပါးထုတ်လုပ်ခြင်း |
| ၈း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၀ | မနိုင်သောအရှုံး (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) |
| ၈း၃၀ | ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၀ | အင်ဂျင်နီယာအသင်းစာတမ်းဖတ်ပွဲ(၁) |
| ၉း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ | မြန်မာစာ၊ မြန်မာစကား(၉) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ဆွာချောင်းရေလှောင်တမံ |
| ၁၀း၁၀ | Celebrity Profile (ဗိုလ်ကလေးတင့်အောင်) |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ကန်တော်ကြီး ရေချိုငါးဥယျာဉ် (အပိုင်း-၁) |
| ၁၁း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၃၅ | သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း-၂) |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# သင်္ကြန်ရက် ယာဉ်ရေဆက်သွယ်ရန်လျှောက်ထားရမည် ခွင့်ပြုမိန့်မရဘဲပြုလုပ်ပါက ဥပဒေအရ အရေးယူမည်

**ရန်ကုန် မတ် ၂၉**

၁၃၆၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်း)သို့ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ယာဉ်ရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည် ဖြစ်သည်။

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်)တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်သူများလိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်နေ့ အထိမ်းအမှတ်

**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နာယက ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Col. Ngi Vanndim က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်မိသားစုများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကိုလှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းဆောင်ရွက် လုပ်ငန်းရှင်များ မိမိတို့၏ လုပ်ငန်းများအလိုက် ကုန်ဈေးနှုန်း ကြပ်မတ်ထိန်းသိမ်း

ရန်ကုန် မတ် ၂၉

**ရန်ကုန်တိုင်း ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရန်ကုန်တိုင်း ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အောက်ပုံ)

**တက်ရောက်**

အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့တော်ဝန်က ရန်ကုန်တိုင်းအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပ်မတ်ရေး၊ မြို့နယ်များတွင် အခြေခံစားသောက်ကုန် ဈေးနှုန်းထိန်းသိမ်းရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ကြစေရေးနှင့် ဖွဲ့စည်းထားရှိသော လုပ်ငန်းရှင်အသင်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများအလိုက် ကုန်ဈေးနှုန်းထိန်းသိမ်း ကြပ်မတ်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်တိုင်းအတွင်း စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုနှင့် ဈေးနှုန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အခြေအနေ**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(၂၁၀)**

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၃/၂၀၀၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

အစီအစဉ်အရ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်ပြီး ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေသူ မှတ်ပုံတင်စိစစ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားမှုများကို အသီးသီး တင်ပြကြသည်။

အစည်းအဝေးတွင် ဗဟိုအမှုဆောင် ကော်မတီဝင်များက ဆွေးနွေးတင်ပြကြရာ၌ မေလအတွင်း ကမ္ဘာ့မူပိုင်ခွင့် အဖွဲ့ချုပ်၏ အကူအညီဖြင့် အမျိုးသားအဆင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ တစ်ရပ် ကျင်းပရန်ကိစ္စ၊ ၂၀၀၆ ခုနှစ် ဇွန်လအတွင်း စတုတ္ထအကြိမ် စာပေညီလာခံကျင်းပနိုင်ရေးအတွက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၏ မျက်နှာစုံညီအစည်းအဝေးပွဲများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန်နှိုးဆော်ရေးကိစ္စနှင့် အခြားလိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတို့ကို ဗဟိုကော်မတီများက အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၉၃ နေ ဦးအောင်ကျော်-ဒေါ်စိန်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ လှူဒါန်းငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။** (က-ပ)

# မာန်အောင် အေးရိပ်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲအမှတ်(၃၁၈)၌ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို (၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ ရက်) ဧပြီ ၆ ရက်မှ (တန်ခူးလပြည့်ကျော် ၄ ရက်) ဧပြီ ၁၆ ရက်အထိ ၁၀ ရက် တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယက (ကမ္မဋ္ဌာနာစရိယ) ဆရာတော် ရွှေမန်းဦးသူရိယ (မွှာစရိယ)မွှကထိက ဗဟုဇနဟိတရေ အရှင်သူမြတ်က ဒိဋ္ဌိဖြုတ် ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး အလုပ်ပေးတရားများဟောကြားမည်ဖြစ်ရာ စာရင်းပေးသွင်းထားသောယောဂီများ ဧပြီ ၆ ရက် ညနေ ၅ နာရီအရောက်လာကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

● ကျောဖုံးမှ

သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်ခင်သန်းအေးနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှမြင့်တို့က သာကေတမြို့နယ်အတွင်း ရပ်ကွက် (၁၉)ရပ်ကွက်တို့၏ ပညာရေးအခြေအနေနှင့် သောက်သုံးရေရယူသုံးစွဲမှုအခြေအနေ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်ရှိ မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက်မြေပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်၊ဒုတိယ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက်၊ အနော်မာ ၂၁ လမ်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း လောက်လမ်းစား ငါးများ ထည့်သွင်းမွေးမြူပေးခြင်း၊ABADE ဆေးစပ်ခြင်း၊ဖုံး၊သွန်၊လဲ၊စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်း၊ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများနှင့် ရင်းနှီးစွာနှုတ်ဆက်အားပေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

မတ် ၂၉ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က (၃၅)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# တပ်မတော်နေ့ပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

**ရန်ကုန် မတ် ၂၉**

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ယနေ့နံနက်၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် တောင်ပိုင်းစစ်ဌာနချုပ် ပြခန်း၌ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယမြန်မာနိုင်ငံတော် အင်ပါယာ အကျယ်အဝန်းပြမြေပုံ၊ ရဲမာန်ဝင့်ကြွား မြန်မာ့အားထင်ရှားပြန့်စည် ဟံသာဝတီ၊ ရွှေရောင်လွှမ်းသော ဒုတိယမြန်မာနိုင်ငံတော်၊ အမျိုးဂုဏ်မမှိန်ဘဲ့ အနိမ့်မခံ အကြိမ်ကြိမ်တော်လှန် ဇာတိမာန်ပြခဲ့ကြပုံ၊ တိုင်းကျိုးပြည်ပြုအစဉ်ရှေးရှု၊ ဝံ့ကြွားညီညီရှေ့သို့ချီ၊ နယ်ချဲ့ရန်ဘေး မြန်မာရေးသည် ဓားမာန်ပြမှ အေးစေမယ်၊ ဆည်မြောင်း ချောင်း ကန် ရေပြည့်လျှံမှ ဆန်ရေစပါးရိက္ခာ ဖြိုးကြွယ်သာ၊ အရှေ့အနောက် တောင်မြောက် ဆက်သွယ်ရောင်းဝယ်ကူးသန်း ပြည့်ရှင်လန်းစေ၊ တီထွင်ကြိုးပမ်း ပြည့်ဝန်ထမ်း ခမ်းနားခိုင်မာဒို့ပြည်ရွာ စသည်တို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ ဇယား၊ ပန်းချီကားများဖြင့် ပြသထားရာ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်ပြခန်း၌လည်း ချောင်းသာရွှေခင်း၊ ငွေဆောင်ရှုခင်း၊ လှပသာယာ တိုင်းရော၊ ဧရာဝတီတိုင်းအတွင်းမှ ထူးခြားထင်ရှားသော ပုဂ္ဂိုလ်များ၊ ငါးပြကွက်များတွင် ရေချိုငါးမုတ်၊ ရေချိုပုစွန်၊ မိကျောင်းအရှင်များအား ပြသထားပြီး ဧရာဝတီတိုင်းအတွင်းမှထွက်ရှိသော ကြိမ်ထည်၊ ဝါးထည်၊ အချောထည်ပစ္စည်းများ၊ ပင်လယ်အတွင်းမှ ဆယ်ယူရရှိသော နယ်ချဲ့တို့၏သင်္ဘောတင် ကြေးအမြောက်မှာ ၁၈၅၅ခုနှစ်တွင် သွန်းလောင်းခဲ့သော အမြောက်ဖြစ်သည်။ ဧရာဝတီတိုင်းအတွင်းမှ တံတားများ၊ ဇလွန်ပြည်တော်ပြန် ဘုရား၏ သမိုင်းကြောင်းတို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံဇယား၊ ပန်းချီကားများဖြင့် ဝေဝေဆာဆာ ပြသထားသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြုပြည်သူ့အ ကျိုးပြုလုပ်ငန်းများပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကိုလည်း နေ့စဉ် မွန်းတည့်၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါပြပွဲကို နေ့စဉ်နံနက်၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ထည့်ဝင်ငွေ ကျပ် ၄၈၃၀၀၀၀၊ ပြည်သူများ လှူဒါန်းငွေကျပ် ၂၇၀၀၀၀၀၊ စုစုပေါင်းငွေကျပ် ၇၅၃၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

**လိုအပ်သည်များမှာကြား**

ထိုမှတစ်ဆင့် တိုင်းမှူးသည် တံခွန်တိုင်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မုဒ့်သုတေသနနှင့် မျိုးပွားခြံ၌ ရော်ဘာပျိုးစာတွင် ပျားရည်ထုတ်ယူမှုကို စမ်းသပ်လေ့လာနိုင်ရန်အတွက် သုတေသနပြုလုပ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပျားလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်တင်က ပျားဖယောင်း၊ ပျားရည်ထုတ်လုပ်ပုံများကို လက်တွေ့ပြသဆောင်ရွက်ခြင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးသန်းထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကတ္တရာလမ်းသစ်မှတ်တိုင်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကတ္တရာလမ်းသစ်ကို ကြည့်ရှုအားပေးသည်။

ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၃၆၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးနှင့်အဖွဲ့မှ ငွေကျပ် ၆၈၇၂၆၀၀၊ ပြည်သူများမှ ငွေကျပ် ၉၂၆၈၆၀၀၊ စုစုပေါင်းငွေကျပ် ၁၆၁၄၁၂၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ပြည်တော်သာကျောင်း ဆရာတော် ဦးဥတ္တမအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**သံလွင်တံတား(မော်လမြိုင်)**

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းတည်ဆောက်ရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် မုတ္တမကျွဲခြံဘူတာရပ်စခန်း၊ ဘူတာရုံအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးဘညွန့်-ဒေါ်ဒေါ်ကြူး(တောင်ငူ)နှင့် ဦးမြကြီး-ဒေါ်ခင်ညွန့်(ဗိုလ်တထောင်)တို့အား အမှူးထား၍ ဒုတိယ ဗိုလ်မှူးကြီး ထွန်းလွင်(ငြိမ်း)-ဒေါ်မြမြစိန်၊ သားသမီးများဖြစ်ကြသော ဦးဗညားလွင်-ဒေါ်လှိုင်မော်ဦး၊ ဦးဉာဏ်လင်း-ဒေါ်ယုယုလွင်နှင့် မြေးများက အလှူငွေကျပ် ငါးသိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့နာယကဆရာတော်မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ရွှေပြည်ဟိန်းကျောင်း တရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၉**

ဗဟန်း ရွှေတောင်ကြား ငွေဝတ်မှုံလမ်းနေ ဦးစိုးသိန်း-ဒေါ်မေသက်ဦးတို့၏ မင်္ဂလာငွေရတု အထိမ်းအမှတ်အဖြစ် ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဓမ္မပူဇာကျင်းပပူဇော်မည်ဖြစ်သည်။ ဧပြီ ၄ရက်ညတွင် တိပိဋကဓရ(ယော) ဆရာတော် အရှင် သိရိန္ဒာဘိဝံသ၊ ဧပြီ၅ရက် ညတွင် တိပိဋကဓရ (ရွှေရတု) မော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊ ဧပြီ ၆ရက် ညတွင် ရွှေပြည်ဟိန်းဆရာတော် ပိဋကတစ်ပုံခွဲဆောင် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရတို့က တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်နာကြားနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အခြေခံပညာအထက်တန်းအဆင့် ဆရာဆရာမများ မွမ်းမံသင်တန်း ပြည်တက္ကသိုလ်တွင် ဖွင့်လှစ်

**ရန်ကုန် မတ် ၂၉**

အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊သင်္ချာ၊ ရူပဗေဒ ဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်း သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ပြည်တက္ကသိုလ် လေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမတွင် မတ် ၂၈ရက် နံနက် ၈နာရီက ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးမှူးများ၊ အထက ကျောင်းအုပ်ဆရာ ဆရာမ ကြီးများနှင့် သင်တန်းသားသင်တန်းသူများ ဆရာဆရာမများ တက်ရောက်ကြသည်။

**အမှာစကား**

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်းက သင်တန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်က သင်တန်းစည်းကမ်းနှင့် စာမေးပွဲ စည်းကမ်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

**သင်တန်းကာလ**

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) တိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသွားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၃၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၈ရက်မှ မေ ၂၆ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမရဝတီကျောင်းတိုက် တရားစခန်းနှင့်ဓမ္မသဘင်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်စံပြရွာ အမရဝတီကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ သဇ္ဇန ဘဒ္ဒန္တ ရေဝတ(ဓမ္မာစရိယ)ဆရာတော်တို့ ဦးစီး၍ မဟာသင်္ကြန် ဒုလ္လဘတရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ညစဉ်၇နာရီတွင် ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒက တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဒုလ္လဘဝတ်၍ တရားအားထုတ်လိုသူများသည် ဧပြီ ၁၂ရက် ညနေ ၃နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၅၇၂၆၃၈၊ ၆၆၀၈၁၆ နှင့် ၀၉-၅၀၀၀၈၃၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၂၉**

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ တရားစခန်းပွဲကို ကံသာအနောက်ကျောင်း(ဝဲကျွန်းထိန်သစ်ရပ် ထားဝယ်မြို့)၌ ဧပြီ၁ရက်(တန်ခူးလဆန်း၁၄ ရက်)မှ ၁၇ရက်(နှစ်ဆန်းတစ်ရက်) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာ (ထားဝယ်) တရားစခန်းပွဲတွင် နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရ(ကမ္မဋ္ဌာနာစရိယ) က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းဟောကြားပို့ချမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် လှူဒါန်းလိုသူများသည် ကံသာအနောက်ကျောင်းဆရာတော်ထံ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# နိုင်ငံခြားရေးဒုတိယဝန်ကြီးဦးမောင်မြင့် အိန္ဒိယသမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မတ် ၂၉**

အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ်၃၀ရက်မှ၃၁ရက် အထိကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာမန်နော့ချ်ကူးမား၊ ဗဟာသီတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇော၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန စီးပွားရေးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက် ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၏ အစီအစဉ်ဖြင့် မဇ္ဈိမဒေသ ဗုဒ္ဓဂယာ တိုးချဲ့မြေ အလှူပေးအပ်ပွဲကို မတ်၂၉ရက်က ဗဟန်းမြို့နယ် တေဇိန္ဒရာမကျောင်းတိုက်၌ ကျင်းပရာ အမှတ် ၈၁-အေ(၇/၁) စုပေါင်းလမ်း အင်းလျားမြိုင် ဗဟန်းမြို့နယ်နေ ဦးထွန်းအေး-ဒေါက်တာသီဂီဦးတို့က အမေရိကန် ဒေါ်လာ၃၅၀၀ကို အကြံပေး ပုဂ္ဂိုလ်ဦးအုံ့မောင်ထံလှူဒါန်းစဉ်။** (၄၂၀)

# ကျိုက်မရောမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

**ရန်ကုန် မတ် ၂၉**

ကျိုက်မရောမြို့နယ်အသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ၂ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄-၂၀၀၅ခုနှစ်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရအသင်းဝင် သားသမီးများ ဦးရဲမြင့် ဖုန်း-၂၁၂၂၈၅၊ ဦးသောင်းညွန့် ဖုန်း-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၂၉၅၄၆၅ တို့သို့ အထောက်အထားအပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(၂၅၉)**

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆-၃-၂၀၀၆ရက်ထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈-၃-၂၀၀၆ရက်မှ ၂၆-၃-၂၀၀၆ရက်အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**(က) ကြက်သေဆုံး/ဖျက်ဆီးမှု**

ကြက်များစတင်သေဆုံးကာလမှ၂၆-၃-၂၀၀၆ရက်အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေ အတွင်းရှိ ကြက်ခြံ(၉၃)ခြံ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင်(ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှု ကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ၉၉ခြံ၌ မွေးမြူထားရှိသည့် ကြက်၁၁၁၉၁၉ကောင်အနက်၂၀၆၀ကောင်သေဆုံးပြီး၉၆၁၅၉ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက်၈၇၉၁ကောင်သေဆုံးပြီး၁၂၀၉၉၅ကောင်နှင့် ကြက်ဥ ၅၆၀လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

**(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု**

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ (၄၄)ခြံမှငုံး၁၁၅၆၅၀ကောင်၊ ငုံးဥ၅၀၅၁၅လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁နှင့် ငုံးဥ၅၀၅၁၅လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

**(ဂ) ကြက်တုပ်ကွေးဗိုင်းရပ်စ်နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု**

ကနဦးကြက်သေဆုံးမှု သတင်းရရှိသည့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေး ခြံ၄၇ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ခုရယူ၍ ချက်ချင်းအဖြေရစမ်းသပ်စစ်ဆေးနည်း(Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း(HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း(HI) နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ၃၅ခြံ၏ နမူနာ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး $H_5N_1$ ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း**။ ။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသ အာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီး ဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်/ရပ်ကွက် အာဏာပိုင်များ၊ သက်ဆိုင်သည့်မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြား ပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရကြက်ငှက်တုပ်ကွေး ရောဂါပိုးတွေ့ရှိသောခြံမှ တစ်ကီလိုမီတာ ပတ်ပတ်လည်အတွင်း မွေးမြူထားသည့် ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention)အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀လုံးတို့ကို စနစ်တကျဖျက်ဆီး ခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ သုံးကီလိုမီတာနှင့် ခုနစ်ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ်သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့် အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှု လျော့ကျပြီး ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီ ဖြစ်ပါသည်။

၃။ **၂၆-၃-၂၀၀၆ရက်အထိ နောက်ဆုံးအခြေအနေ**။ ရွှေဘို၊ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံးအနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီ ဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးအဖွဲ့(FAO)ဒေသညှိနှိုင်းရေးမှူး Dr. K.Wantaneeနှင့် အမေရိကန်နိုင်ငံ USAIDမှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthurတို့သည် ၁၆-၃-၂၀၀၆ရက်မှ ၁၈-၃-၂၀၀၆ရက်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါ သည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံဂျီလောင်းမြို့ဒေသ ကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါ စစ်ဆေးရေး ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ (FAO, JICAနှင့် ဩစတြေးလျနိုင်ငံ၊ ဂျီလောင်းမြို့ ဒေသကိုးကား ဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ် လုပ်ငန်းသုံးပစ္စည်းများ အမေရိကန် ဒေါ်လာတစ်သိန်းတန်ဖိုးခန့်လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန(DLD)တို့မှ ကြက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ကျွမ်းကျင်ပညာရှင်သုံးဦးတို့သည် FAOဒေသ ညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈-၃-၂၀၀၆ရက်မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသ များသို့ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည် ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူရောင်းဝယ်ရေး လုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ ။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။**

# ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

**ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ရက် နံနက်၈နာရီက အဆိုပါယန်းလောစံပြကျေးရွာအဝင် ကတ္တရာ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။**

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ယန်းလောစံပြ ကျေးရွာအဝင် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်နှင့် ယန်းလော-ကတ်ထိုက် ကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။**(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ် တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ပေရှိပြီး ကတ္တရာလမ်းခင်းရန်အတွက် ရှမ်း ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)မှ ကတ္တရာ ၁၆ဒသမ ၂၅တန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် သိန်း၅၀၊ နယ်မြေခံ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရား တို့နှင့် ဒေသခံပြည်သူတို့ဖြင့် ပူးပေါင်းပါဝင်ကာ စုစုပေါင်း ငွေကျပ် ၁၂၃သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

## ကျေးရွာချင်းဆက်ကျောက်ချောလမ်းသစ်ဖွင့်

ထို့နောက် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ်ဖွင့်ပွဲကို အဆိုပါ ယန်းလော-ကတ်ထိုက် ကျေးရွာလမ်းဆုံ၌ ဆက် လက် ကျင်းပသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)အဖွဲ့ဝင် တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒေသကြီးကြပ်ရေးမှူး ဦးတင် မောင်အေးတို့က ယန်းလော-ကတ်ထိုက်ကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူ များသည် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ် တစ်လျှောက် ဖြတ်သန်းကြည့်ရှု၍ ဒေသခံတိုင်းရင်းသားများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ယန်းလော-ကတ်ထိုက်ကျေးရွာ ကျောက်ချောလမ်းသစ်မှာ အရှည်၅မိုင် ၆ဖာလုံရှိပြီး ယခင်မြေသားလမ်းကို ကျောက်ချောလမ်းခင်းရန် အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၅သိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားတို့နှင့် ဒေသခံပြည်သူတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ခဲ့ကြခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

# ကျောက်ဆည်မြို့၌ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တက်ရောက်

**ရန်ကုန် မတ် ၂၉**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါလမ်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်တို့ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်က လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ အမှုဆောင် အရာရှိ ဦးခင်ဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် နိုင်လွန်ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်း ကြည့်ရှုကြသည်။ အဆိုပါလမ်းသည် အရှည်၃၁၁၁ပေနှင့် အကျယ် ၂၄ ပေရှိသည်။

## ဆောင်ရွက်ပေးခဲ့

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါလမ်းအပြင် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ၁၀ လမ်း၊ အရှည်ပေ ၈၇၅၀နှင့် ကျေးလက်မြေသားလမ်း တစ် လမ်း အရှည်ပေ၂၆၄၀တို့ကို ပြည်သူ တို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်(၆၀)ပြည့် နှစ်ပတ်လည် သင်းလုံး ကျွတ် အစည်းအဝေး၊ သက်ကြီးနာယကပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁၈ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း၌ ကျင်းပရာ သက်ကြီးအဘိုး၊ အဘွားများအား အသင်းသူအသင်းသားများက လှူဖွယ် ပစ္စည်းများ လှူဒါန်းစဉ်။** (က-ပ)

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အတွက်ငွေလှူဒါန်း

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြို့ဗဟန်းမြို့နယ် ဇီဝိတ ဒါန သံဃာ့ဆေးရုံကြီးသို့ ကိုရီးယား သမ္မတနိုင်ငံ ဆိုးလ်မြို့ မြန်မာ ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဦးစန္ဒိမာနှင့် တရားအား ထုတ်နေကြသော ကိုရီးယား ဒါယကာ ဒါယိကာမများက မတ်၁၄ရက်က ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ၁၀သိန်း လာရောက်လှူဒါန်းကြသည်။

## ဆေးကုသခံယူ

ဆရာတော်ဦးစန္ဒိမာသည် ယမန် နှစ်က မြန်မာနိုင်ငံသို့လာရောက်၍ ခေတ္တသီတင်းသုံးစဉ် ကျန်းမာရေး ချို့တဲ့သဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးတွင် တက်ရောက်ဆေးကုသခံယူ ခဲ့ပြီး ရောဂါသက်သာ ပျောက်ကင်း ခဲ့သည်။

ထို့ကြောင့် ဒါယကာ ဒါယိကာမ များနှင့်အတူ ပြန်လည်လာရောက် လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းငွေကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို ကြီး (အငြိမ်းစားသံအမတ်ကြီး)က လက်ခံယူကြောင်း သိရသည်။**(က-ပ)**

# ဖဲကြိုးဖြတ်ဖွင့်လှစ်

**မတ်၂၄ရက်က လမ်းမတော်မြို့နယ် အမှတ်(၉)ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲအခမ်းအနားကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့် မောင်နှင့် အမှတ်(၉)ရပ်ကွက် ရပ်မိရပ်ဖ ဦးကြယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

**ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသာအခြေအနေအထိ ဖြစ်တတ်ပါသည်။**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက် အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစား ရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆား ရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန။**

❒ *ကျောဖုံးမှ*

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို အားကစားသမား ၂၃ ဦးစီပါဝင်သော ပဏာမလက်ရွေးစင်(က)အသင်းနှင့် ပဏာမလက်ရွေးစင်(ခ)အသင်းဟူ၍ နှစ်သင်းဖွဲ့စည်းထားသည်။ ခြေစမ်းပွဲများကို မတ် ၃၀ ရက်၊ ဧပြီ ၁ ရက်နှင့် ဧပြီ ၃ ရက်တို့တွင် ညနေ ၃ နာရီခွဲ၌ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အပြင်ကွင်း (စက်ဘီးလေ့ကျင့်ရေးကွင်း)၌ ကျင်းပမည်ဖြစ်သည်။

**ပဏာမလက်ရွေးစင်(က)**

ပဏာမလက်ရွေးစင်(က)အသင်းကို နည်းပြများအဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)နှင့် ဦးဝင်းမြင့်သွင် (မြို့တော်စည်ပင်)တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း (ပြည်ထဲရေး)၊ ငြိမ်းစုဇော် (ကာကွယ်ရေး)၊ **(နောက်တန်း)** နွယ်နွယ်တိုး၊ စိမ်းချိုအောင်၊ စန်းစန်းမော် (ပြည်ထဲရေး)၊ နှင်းဆီမြင့်(ခ)တင်တင်စိုး၊ စန်းစန်းသိန်း (လယ်ယာ/ဆည်မြောင်း)၊ မိုးမိုးဝါ၊ သက်သက်ဝင်း၊ မိုးမိုးထွေး၊ စန်းယုနိုင်(ပို့ဆောင်ရေး)၊ ခင်ချောစုလှိုင်(စက်မှု-၁)၊ **(အလယ်တန်း)** သူဇာထွေး(လယ်ယာ/ဆည်မြောင်း)၊ ငုဝါဝါစိုး(စက်မှု-၁)၊ နီလာမြင့်၊ သန္တာမိုး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ခိုင်ရွှေဝါ(အား/ကာသိပ္ပံ၊ မန္တလေး)၊ မူမူလွင်(ပို့ဆောင်ရေး)၊ **(ရှေ့တန်း)** မေသက်ဖြူ၊ နော်အားလိုဝါးဖေ (အား/ကာသိပ္ပံ၊ ရန်ကုန်) အိအိဖြိုး၊ မိုင်နီလာထွေး(ပြည်ထဲရေး)၊ မာလာဝင်း(ပို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

**ပဏာမလက်ရွေးစင်(ခ)**

ပဏာမလက်ရွေးစင်(ခ)အသင်းကို နည်းပြများအဖြစ် ဦးတင်မျိုးအောင် (ပြည်ထဲရေး)နှင့် ဦးအုန်းကြိုင်(စက်မှု-၁)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)** အေးအေးသန်း(ခ)ညိုညိုဝင့်(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မြဖူးငုံ (အား/ကာသိပ္ပံ၊ မန္တလေး)၊ **(နောက်တန်း)** အေးအေးခိုင်၊ သဲသဲချို၊ သီတာဦး(ပြည်ထဲရေး)၊ မေသူဝင်း၊ စိုးမိုးထွေး (အား/ကာသိပ္ပံ၊ မန္တလေး)၊ စုမွန်၊ ဇင်မင်းထွန်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ စုစုထွန်း(စက်မှု-၁)၊ နေဇာလင်းလင်းအောင်(ပို့ဆောင်ရေး)၊ **(အလယ်တန်း)** သန်းသန်းထွေး၊ အေးနန္ဒာလှိုင် (ပို့ဆောင်ရေး)၊ နန်းကြေးငုံ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ခင်မာလာထွန်း၊ သီရိမြတ်၊ မိုးမိုးထွေး၊ နန်းနှင်းနှင်းထွေး (အား/ကာသိပ္ပံ၊ မန္တလေး)၊ **(ရှေ့တန်း)** ဇင်မာဝမ်း၊ မာဂရက်မေရီ (ပို့ဆောင်ရေး)၊ သီတာအောင်(အား/ကာသိပ္ပံ၊ မန္တလေး)၊ အေးငြိမ်းသူ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ဖူးပွင့်ခိုင်(ကာကွယ်ရေး)တို့ ပါဝင်ကြသည်။

**ခြေစစ်ပွဲအောင်**

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ၂၀၀၅ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သော အာရှ အမျိုးသမီးချန်ပီယံရှစ် ခြေစစ်ပွဲတွင် ဖိလစ်ပိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ခြေစစ်ပွဲအောင်မြင်ရေးအတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

# နွေရာသီ ကြက်တောင်သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၉**

မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာရေး၊ ကျောင်းသားလူငယ်လူရွယ်များ နွေရာသီ အားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ရန်နှင့် အားကစားကိုစိတ်ဝင်စားလာပြီး ကျန်းမာကြံ့ခိုင်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ ကြက်တောင်သင်တန်းကို မတ် ၁၄ ရက်မှစ၍ နေရာသုံးခုတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်အနေဖြင့် ကြက်တောင်အားကစားကို ကျွမ်းကျင်တတ်မြောက်စေရန်အတွက် အခြေခံမှစ၍ တရုတ်နည်းပြနှင့် အဖွဲ့ချုပ် နည်းပြဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။ နွေရာသီ ကြက်တောင်သင်တန်းဖွင့်လှစ်ထားသော နေရာသုံးခုမှာ ကျုံးကြီးလမ်း အမျိုးသားကြက်တောင်အားကစားခန်းမရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနှင့် ဝိုင်အမ်စီအေခန်းမတို့တွင် ဖြစ်သည်။

**တက်ရောက်**

အမျိုးသားကြက်တောင်အားကစားခန်းမတွင်ဖွင့်လှစ်ထားသော သင်တန်းတွင် အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်သင်ကြားနေကြသည်။

သင်တန်း နည်းပြများအဖြစ် ဦးရော်ဘင်တင် (အတွင်းရေးမှူး အဖွဲ့ချုပ်) **(အောက်ပုံ)**၊ ဦးအောင်ကြည်နှင့် ဒေါ်ဆွေမာဦးတို့ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိဖြစ်သည်။ ဦးခင်မောင်ဝင်း၊ ဒေါ်လှလှထွေး၊ ဒေါ်ယုယုဝင်းတို့ လေ့ကျင့်သင်ကြားပေးနေသည့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိကြသည်။

မွန်းလွဲ၁ နာရီမှညနေ၃ နာရီအထိဖွင့်လှစ်သင်ကြားနေသော ဝိုင်အမ်စီအေခန်းမသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းနည်းပြများအဖြစ် ဦးကျော်ကျော်လွင်၊ ဦးထွန်းအောင်လင်းနှင့် ဒေါ်ခင်မာညိုတို့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

မြန်မာ့အားကစားလောက အဆွန့်ရှည် တိုးတက်အောင်မြင်ရန်အတွက် မျိုးဆက်သစ် လူငယ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရန် အထူးအလေးထား ဆောင်ရွက်နေပြီး ကျောင်းသားလူငယ်များမှ တစ်ဆင့် အရည်အသွေးပြည့်ဝသော ထူးချွန်သည့် အားကစားသမားများဖြစ်လာစေရန် နွေရာသီအားကစားသင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

# အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးက လျှပ်စစ်စွမ်းအားကို အနိုင်ရရှိ

ရန်ကုန် မတ် ၂၉

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက လျှပ်စစ်စွမ်းအားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

**ဦးဆောင်ဂိုး**

အဆင့်မြင့်တန်းသို့ တစ်ကျော့ပြန်တက်ရောက်လာသောလျှပ်စစ်စွမ်းအားအသင်းသည် ပို့ဆောင်ရေးအသင်းကို ရှုံးနိမ့်သွားသော်လည်း ခြေစွမ်းအားဖြင့် မညံ့ကြောင်း ပြသနိုင်ခဲ့သည်။ ပွဲပြီးကာနီးတွင် လျှပ်စစ်စွမ်းအားအသင်း ဂိုးသမားအမှားကြောင့် တစ်ဂိုးထပ်ပေးခဲ့ရခြင်းကြောင့်သာ ဂိုးကွာခြားချက်များသွားရခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းအတွက် ဦးဆောင်ဂိုးကို ၃၅ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ပြည့်ဖြိုးဦးက သွင်းယူပေးသည်။ လျှပ်စစ်စွမ်းအားအသင်းသည် ဂိုးပေးလိုက်ရပြီးနောက် တိုက်စစ်ဆင်ကစားရာ ၃၈ မိနစ်တွင် လင်းထွန်းဦးက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

**ဒုတိယဂိုးပေးရ**

ဒုတိယပိုင်း ပြန်စသည်နှင့် ပို့ဆောင်ရေးအသင်းက တိုက်စစ်ဆင်ကစားရာ ပွဲစပြီးမကြာမီ ၄၇ မိနစ်တွင် ပြည့်ဖြိုးဦး ထိုးပေးသည့် ဘောလုံးကို ဝင်းမင်းထွဋ်က ကန်သွင်းယူသဖြင့် ဒုတိယဂိုးရရှိခဲ့သည်။ လျှပ်စစ်စွမ်းအားအသင်းက ချေပဂိုးရရှိရေး ကစားသမားများလဲလှယ်ကစားရာ ဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးမရခဲ့ချေ။ ပို့ဆောင်ရေးအသင်းအတွက် တတိယဂိုးကို ၈၉ မိနစ်တွင် ပယ်နယ်တီဧရိယာအပြင်ဘက်မှ မောင်မောင်မြင့်က ကန်သွင်းရာ လျှပ်စစ်စွမ်းအားဂိုးသမားဖမ်းမိသော်လည်း လက်ထဲမှ အန်ထွက်ပြီး ဂိုးဝင်သွား၍ ရရှိခဲ့ခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဧပြီ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ယနေ့ပွဲ**

မတ် ၃၀ ရက် **(ယနေ့)** ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် စက်ဘီးခိုးသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းနယ်မြေအတွင်း ခိုးဆိုး လုယက်မှုများ၊ မော်တော်ယာဉ်၊ စက်ဘီးခိုးမှုများ၊ ဒုစရိုက်မှုများ ပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် စီမံချက်များချမှတ်၍ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု၏ သတင်းပေးပို့ကူညီမှုကြောင့် စက်ဘီးများခိုးယူရောင်းစားနေသော လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် အောင်သီတာလမ်း အမှတ်၈၉၂/ခ နေ ဦးစိုးကြည်၏သား အောင်အောင်(၂၃)နှစ်နှင့် လှိုင်မြို့နယ် သရက်မြိုင်ရပ်ကွက် သံလမ်း အမှတ် ၄၉ နေ ဦးစိန်မောင်၏သား သန်းဘို(ခ)ဘိုဘို တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ယင်းတို့နှစ်ဦးအား မတ် ၂၅ ရက်အထိ စစ်ကြောဖော်ထုတ်ချက်အရ လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်တို့မှ ၎င်းတို့ခိုးယူခဲ့သော စက်ဘီးမျိုးစုံ ၂၇ စီးကို သိမ်းဆည်းရမိခဲ့သည်။

**ထိရောက်စွာအရေးယူ**

သိမ်းဆည်းရမိသော စက်ဘီးမျိုးစုံ ၂၇ စီးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စက်ဘီးခိုးသူတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**တရားခံ သန်းဘို(ခ)ဘိုဘို ၁၉ နှစ် (ဖ)ဦးစိန်မောင် မ/၄၉ သံလမ်း သရက်မြိုင်ရပ်ကွက် လှိုင်မြို့နယ်။**

**တရားခံ အောင်အောင် ၂၃ နှစ် (ဖ) ဦးစိုးကြည် မ/၈၉၂ (ခ)အောင်သီတာလမ်း (၇)ရပ်ကွက် လှိုင်သာယာ။**

**ပြန်လည်သိမ်းဆည်းရရှိထားသော သက်သေခံစက်ဘီး ကိုးစီး၏ မှတ်တမ်းဓာတ်ပုံ။**

**ပြန်လည်သိမ်းဆည်းရရှိထားသော သက်သေခံစက်ဘီး ၁၈စီး၏ မှတ်တမ်းဓာတ်ပုံ။**

**သာယာလှပ၊ ဘဝပုံပြင်၊ မူးယစ်ဆေးဝါး၊ အဝေးကိုနှင်**

# ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ရန်ကုန်ဂေါက်ကလပ်တွင်ကျင်းပ

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Reserve Golf Championship 2006) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တည်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

**ပြိုင်ပွဲဖွင့်လှစ်**

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများက သတ်မှတ်ထားသော တီခုံ(၁)၌ နေရာယူထားကြပြီး MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေး၊ ဒါရိုက်တာ ဦးတင့်ဦး (IBTC)နှင့် MGF အမှုဆောင် ဦးချမ်းဟန်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် မောင်မောင်ဦးနှင့် သိန်းလင်းထွန်းတို့က ၆၉ ချက်စီ၊ အောင်ကိုလတ်၊ သန့်ဇော်ထိုက်၊စိုင်းထွန်းဦးနှင့် အေးမင်းတို့က အချက် ၇၀စီ ရရှိထားကြသည်။

**ပါဝင်ကူညီ**

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Park Royal Hotel၊ Chusher Club Soda နှင့် Srixon တို့က အသီးသီး ပါဝင်ကူညီကြပြီး ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၃၀ ရက် **(ယနေ့)** နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

## ပြည့်စုံအေးသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်

**ရန်ကုန် မတ် ၂၉**

ရန်ကုန် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းရှိ မဟာစည်သြဝါဒခံ ပြည့်စုံအေးရိပ်သာ ဆောက်လုပ်ဆဲ သိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ရိပ်သာပဓာနနာယက ဘဒ္ဒန္တသုဇာတထံ တောင်ဥက္ကလာပမြို့နယ် ငွေကြာယံအိမ်ရာနေ ဦးယဉ်မင်းခိုင် - ဒေါ်နှင်းသီတာစိုး၊ သမီး အေးမြတ်သီရိဆု သုံးနှစ်ပြည့်မွေးနေ့ အလှူငွေကျပ် ၁၅၀၀၀၀၊ မြောက်ဥက္ကလာပ(ည)ရပ်ကွက် ခေမာကျောင်းလမ်းမှ မိဘများကို ရည်စူး၍ အစ်ကိုကြီး ဦးဘအေးမှ ညီမဒေါ်တင်မြင့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်ပြည်လမ်း(၆)မိုင်ခွဲ ထူးကုမ္ပဏီ ဒေါ်မြင့်မြင့်ရီနှင့် ဝန်ထမ်းများက ငွေကျပ် ၁၀၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ခေမာသီလမ်း မွေးစတိုး မောင်နမတစ်စုကငွေကျပ် ၁၀၀၀၀၀နှင့် ရတနာကျွန်း ဗိုလ်ချုပ်ရွာနေ ဆေးဘက်ပညာရှင် ပါမောက္ခ ဒေါက်တာ ဌေးဆောင်-ဒေါ်ဆယ်လီဖွား မိသားစုက ငွေကျပ် ၉၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း-၀၁-၆၉၀၀၃၅နှင့် မတည်အလှူရှင် ဖုန်း-၀၉-၅၀-၁၈၇၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

## ကမ္ဘာတစ်လွှား အားကစား

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ယှဉ်ပြိုင် အာဆင်နယ်က ဂျူဗင်းတပ်စ်ကို အိမ်ကွင်း၌အနိုင်ယူ

**မြင့်မောင်စိုး**

အင်္ဂလန် မတ် ၂၉

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များကို မတ် ၂၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်မှအာဆင်နယ်အသင်းက အီတလီမှဂျူဗင်းတပ်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီးပေါ်တူဂီမှ ဘင်ဖီကာအသင်းနှင့် စပိန်မှဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။**

**အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရောဘတ်ပီရက် ဘောလုံးကို ဆွဲယူပြေးရာ ဗီယာရာ လျှောတိုက်၍ ဖျက်ထုတ်စဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်တို့အိမ်ကွင်းအကျော့တွင် ဂျူဗင်းတပ်စ်အသင်းကို အနိုင်ရလိုက်၍ လင်းလက်ပြောင်မြောက်လာသည်။ အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်တို့သည် အနိုင်ဂိုးသွင်းနိုင်ရန်အတွက်ပွဲစသည်နှင့် အကြိတ်အနယ် တစ်ဖက်နှင့်တစ်ဖက် ထိုးဖောက်ယှဉ်ပြိုင်ကစားကြရာ မိနစ် ၄၀ တွင် ဖာဖရီဂတ်စ်ကကိုက် ၂၀ အကွာမှ အမှတ်မထင် လှမ်းကန်ထည့်လိုက်ရာမှ အာဆင်နယ်အသင်းဖွင့်ဆော်ဦးဂိုးရရှိသွားသည်။ ၆၉မိနစ်တွင် အွန်နရီက အာဆင်နယ်အတွက် ထပ်ဆင့် အနိုင်ဂိုး သွင်းပေးလိုက်ပြန်သည်။

### ကာကွယ်နိုင်

ဂျူဗင်းတပ်စ်ဂိုးသမားဘတ်ဖွန်းသည် ဒုတိယပိုင်းတွင် အွန်နရီ၊ ဖာဖရီဂတ်စ်နှင့် အလက်ဇန္ဒားရှာလက်တို့၏ သွင်းဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။

### ရေကုန်ရေခန်း

ဂျူဗင်းတပ်စ်အသင်းသည် နှစ်ဂိုးအသွင်းခံထားရသဖြင့် ချေပဂိုးသွင်းနိုင်ရေးအတွက် ရေကုန်ရေခန်းခြေကုန်ထုတ်ကစားခဲ့ရာ အဝင်ကြမ်းတမ်းသည့် ကာမိုရာနက်ဝီနှင့် ဇီဘင်နာတို့ ပွဲပြီးရန် သုံးမိနစ်အလိုတွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ဂျူဗင်းတပ်စ် အသင်းသည် အီတလီ စီးရီးအေပြိုင်ပွဲတွင် ရှစ်မှတ်အသာဖြင့် ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည့် အသင်းဖြစ်သည်။ သို့ရာတွင် အင်္ဂလန်မြေတွင် အာဆင်နယ်၏ အလဲထိုးမှုကို ခံလိုက်ရသည်။

**ဘင်ဖီကာနှင့် ဘာစီလိုနာ**

**ဘင်ဖီကာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ရာတွင် ဘင်ဖီကာမှ ရီကာဒိုရိုချာ (ဝဲ) အပြေးအလွှား ဘောလုံးကို ထိန်းယူရန်ကြိုးစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ် ကစားသမားဟောင်း ဂျူဗင်းတပ်စ်ရောက် ဗီယာရာလည်း ပါဝင်ရင်ဆိုင် ယှဉ်ပြိုင်ကစားခဲ့သည်။ သို့ရာတွင် ဗီယာရာအသင်းဟောင်းအပေါ် အနိုင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

### စိတ်ဝင်စား

အာဆင်နယ်အသင်းသည် ရီရဲမက်ဒရစ်အသင်းကို အဝေးကွင်း၌ အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာရာ ယခုတစ်ဖန် ဂျူဗင်းတပ်စ်ကို အိမ်ကွင်း၌ အနိုင်ရခဲ့ပြန်၍ အာဆင်နယ်၏ ပြောင်မြောက်မှုကို ဘောလုံးပရိသတ်များက အထူး စိတ်ဝင်စားလာကြသည်။

အာဆင်နယ်အသင်း ဧပြီ ၄ရက်နှင့် ၅ရက်တွင် ကစားမည့် ဒုတိယအကျော့ ဂျူဗင်းတပ်စ်ကွင်း၌ တစ်ဂိုးမျှ သွင်းနိုင်ပင်လျှင် အကြိုဗိုလ်လုပွဲသို့ သေချာပေါက် တက်သွားနိုင်လိမ့်မည်ဖြစ်သည်။

ယင်းဒုတိယအကျော့ ပြိုင်ပွဲတွင် အထုတ်ခံရသော ဂျူဗင်းတပ်စ်ကစားသမားနှစ်ဦး ပါဝင်ကစားနိုင်ခွင့်ရှိလိမ့်မည် မဟုတ်ပေ။

ပေါ်တူဂီအသင်း ဘင်ဖီကာနှင့် ဘာစီလိုနာအသင်းတို့သည် လစ္စဘွန်းမြို့ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

### ဂိုးသမား

ဘင်ဖီကာဂိုးသမား မာစီလိုမိုရက်တို့သည် အကောင်းဆုံးဂိုးသမား တစ်ယောက်အဖြစ် ကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲစပြီး မိနစ်အနည်းငယ်အကြာ ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို၏ အဖွင့်ဂိုး နှစ်ဂိုးကိုလည်း ကာကွယ်ပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာမှ သွင်းယူခဲ့သောဘောလုံးမှာ နှစ်ကြိမ်တိုင် ဂိုးတိုင်ထိပြီး ပြန်ထွက်လာသည်။ ဘင်ဖီကာ ဂိုးသမားမိုရက်တိုသည် လာဆင်သွင်းယူသောဂိုးကိုလည်း ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ဘင်ဖီကာကစားသမား ဖာဖရီဇီယိုသည် ရောဘတ်အစား ၄၅ မိနစ်တွင် ဝင်ကစားခဲ့ကာ ဂိုးသွင်းခွင့်ရသော်လည်း ဂိုးမရဘဲဖြစ်သွားသည်။

ဘာစီလိုနာတို့ ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရေးအတွက် ကြိုးပမ်းမှုများ မအောင်မြင်ခဲ့ပေ။

ဘာစီလိုနာတို့လာမည့်အပတ်တွင် အိမ်ရှင်အသင်းအဖြစ် ဘင်ဖီကာကို လက်ခံကစားရမည် ဖြစ်သည်။ ဘင်ဖီကာဂိုးသမား အလွန်ကောင်းနေသဖြင့် ဂိုးရရှိရန်မှာ ခက်ခဲလိမ့်မည်ဖြစ်သည်။

### အစွမ်းပြ

ဘင်ဖီကာဂိုးသမားသည် ဒုတိယပိုင်းတွင် ပို၍ကောင်းအောင် အစွမ်းပြနိုင်ခဲ့သည်။ ဂိုးသမားမိုရက်တိုသည် သွက်သွက်လက်လက်ဖြင့် အစွမ်းပြဖမ်းပြနိုင်ခဲ့သည်။ ၎င်းသည် ဆမ်မြူရယ်အီတိုး အနီးကပ်ကန်သွင်းသည်ကိုလည်း ကာကွယ်နိုင်ခဲ့သည်။ ။ **(အင်တာနက်)**

# မော်ရင်ဟိုနှင့် အာစင်ဝင်းဂါး ရီရဲမက်ဒရစ်၏မန်နေဂျာ မလုပ်လိုဟုဆို

**အင်္ဂလန် မတ် ၂၉**

ပရီမီယာရှစ်အသင်းများဖြစ်သော ချယ်လ်ဆီးနှင့်အာဆင်နယ်တို့က ရီရဲမက်ဒရစ်အသင်းအား ယခုနှစ်နွေရာသီတွင် နည်းပြလုပ်ပေးရန် အခြေအနေမရှိကြောင်း ပြောကြားလိုက်သည်။

### ကြေညာ

ရီရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ဖာနန်ဒိုမာတင်က ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးတို့အား မန်နေဂျာ ရာထူးတာဝန်ထမ်းဆောင်ပေးရန် မတ် ၂၇ ရက်ကအမည်စာရင်းထုတ်ပြန်ကြေညာလိုက်သည်။

အာစင်ဝင်းဂါးက အာဆင်နယ်တွင်သာ မန်နေဂျာလုပ်ရသည်မှာ ပျော်နေကြောင်း၊ အခြားအသင်းသို့ ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း တိကျပြတ်သားစွာ ပြောကြားလိုက်သည်။

### တစ်သားတည်း

ချယ်လ်ဆီးအသင်း၏ ပြောခွင့်ရကိုယ်စားလှယ်တစ်ဦးက ပြောကြားရာတွင်လည်း ချယ်လ်ဆီးနှင့် မော်ရင်ဟိုသည် တစ်သားတည်းရှိနေကြောင်း ၎င်းနှင့်ချယ်လ်ဆီးတို့ နှစ်ရှည်စီမံကိန်းချမှတ်ထားကြောင်း ပြောကြားသည်။

ရီရဲမက်ဒရစ်က မန်နေဂျာ အဖြစ်လာရောက်လုပ်ကိုင်ပေးရန် အလိုရှိသော အခြားအသင်းမန်နေဂျာများမှာ အင်္ဂလန်အသင်း မန်နေဂျာ အဲရစ်ဆင်၊ လီဗာပူးမန်နေဂျာ ဘင်နီတက်ဇ်၊ အီတလီအသင်းနည်းပြ မာဆဲလ်လိုလစ်ပီ၊ အေစီမီလန်အသင်းမှ ကာလို့စ်အင်စီလော့တီ၊ ဂျူဗင်းတပ်စ်မန်နေဂျာ ဖာဘီယိုကာပဲလ်လိုတို့လည်း ပါဝင်ကြသည်။ **(အင်တာနက်)**

**မော်ရင်ဟို (ဝဲ) နှင့် အာစင်ဝင်းဂါး (ယာ)။**

(ဓာတ်ပုံ-အင်တာနက်)

## မွေးနေ့ဆုတောင်း
## ကျော်စွာမြင့်ဦး

၃၀-၃-၂၀၀၆ရက်တွင် ကျရောက်သော သားကြီး **ကျော်စွာမြင့်ဦး** ၏ ရှစ်နှစ်မြောက် မွေးနေ့မှသည် အသက်ရာကျော်ရှည်စေသော်တည်း၊ လူချွန်လူမွန် ထူးချွန်စွာဖြင့် လောကအလယ် ဂုဏ်ဝင့်ထည်လျက် တင့်တယ်စွာ ရပ်တည် နိုင်ပါစေ။

**ဖေဖေ – ဒေါက်တာမြင့်ဦး(ဦးစီးအရာရှိ) မွေး/ကုဦးစီးဌာန**
**မေမေ – ဒေါ်ချိုမာစမ်း**
**မမ – ဆုရည်မြင့်ဦး၊ ဆုပိုင်မြင့်ဦး**
**ညီလေး – သူရမြင့်ဦး၊ ဖောင်းပြင်မြို့၊ စစ်ကိုင်းတိုင်း၊**
**အမှတ်စဉ်(၄) အခြေခံသတင်းစာ ပညာသင်တန်းသားများ။**

## အမည်ပြောင်း

ဗိုလ်မှူးကြီးမြင့်နောင်–ဒေါ်ဆွေဆွေသိန်းတို့၏သမီး အထက(၂)ကမာရွတ် Grade-7(A)မှ မရတနာပိုင်အား မဝင့်ဝါကိုဟု ပြောင်းလဲခေါ်ပါရန်။

**မဝင့်ဝါကို။**

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးဦး **ဝင့်ဝါကို** ရဲ့ ၃၀-၃-၂၀၀၆ရက်တွင်ကျရောက်သော (၁၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လိမ္မာယဉ်ကျေး၍ ပညာထူးချွန်တတ်မြောက်ပြီး ဖေဖေ–မေမေတို့နဲ့အတူ သာယာချမ်းမြေ့သောဘဝကို ရရှိနိုင်ပါစေ။

**ဖေဖေ – ဗိုလ်မှူးကြီးမြင့်နောင်** **ဘိုးဘိုး – ဗိုလ်မှူးချုပ်မြင့်သိန်း**
**မေမေ – ဒေါ်ဆွေဆွေသိန်း** **ဘွားဘွား– ဒေါ်မြသန်း**
**မောင်လေး – ဇေယျာဘုန်းနောင်။**

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ မော်တော်ယာဉ်မှူး ကျား(၁)ဦး
၂။ လ/ထ မော်တော်ယာဉ်မှူး ကျား(၁)ဦး
၃။ မော်တော်ယာဉ်စက်ပြင် ကျား(၁)ဦး

အမှတ်စဉ်(၁) (၂)အတွက် အသက်(၃၅–၄၅)နှစ်အတွင်း၊ B.E, A.G.T.I (Mechnical)ဘွဲ့ရပြီး မော်တော်ယာဉ်နှင့်ပတ်သက်၍ စီမံအုပ်ချုပ်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

အမှတ်စဉ်(၃)အတွက် အသက်(၂၅–၄၀)နှစ်အတွင်း၊ THS (or) AGTI ဘွဲ့ရ၊ စက်ပြင်ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၂၃၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။



## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
### ရန်ကုန်တိုင်းတရားရုံးတော်၌
### ၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ်–၈၁
### ကွယ်လွန်သူအယ်(လ်)စီချို(ခ)ဦးချို၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ စမ်း/တောင်ရပ်ကွက်၊ အမှတ်(၁)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ အယ်(လ်)စီချို(ခ)ဦးချို၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းရီ(ခ)ခူအင်တီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၆ခုနှစ် ဧပြီလ၁၀ရက်(၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၃ရက်)တွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ အယ်(လ်)စီချို(ခ)ဦးချို၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၆ခုနှစ် ဧပြီလ၁၀ရက်(၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ရင်ဆိုင်ရန်နှင့်အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်စန်းရီ(ခ)ခူအင်တီ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၆ခုနှစ် မတ်၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဆွေ**
**တွဲဖက်တိုင်းတရားသူကြီး(၁၀)**
**ရန်ကုန်တိုင်း တရားရုံး။**

## ရမည်းသင်း အထက ရာပြည့်ပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်းကို (၁၉၀၇ ခုနှစ်)တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၇ခုနှစ်တွင် နှစ်၁၀၀ပြည့်မြောက်မည်ဖြစ်သည်။ ရာပြည့်ပွဲတော်ကို ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်းကျင်းပရန် စီစဉ်လျက်ရှိသည်။

ရာပြည့်ပွဲတော် အထိမ်းအမှတ် မဂ္ဂဇင်း၊ ပြက္ခဒိန်၊ ပို့စကတ်များထုတ်ဝေမည်ဖြစ်ပြီး စာပေဟောပြောပွဲ၊ ကျောင်းသမိုင်းပြခန်း၊ ပန်းချီပြခန်း၊ အိမ်တွင်းမှုပြခန်း၊ စက်မှုလက်မှုပြခန်း၊ ဘာသာရပ်ဆိုင်ရာပြခန်းများ ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမများ၏ ပဒေသာကပွဲများ၊ ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရာပြည့်ပွဲတော်နှင့်ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးမြတ်သင်းအောင် ဖုန်း–၂၄၉၅၈၈၊ ၂၄၉၅၉၅၊ H-P ၉၅၉–၅၀၀ ၅၅၉၅၊ ဦးခင်မောင် ဖုန်း–၂၉၂၂၆၇၊ ဦးလူတုတ် ဖုန်း– ၅၈၀၆၀၁၊ မန္တလေးတွင် ဒေါ်လှသီ ၀၂–၈၈၀၆၉၊ ပျဉ်းမနားတွင် ဦးကျော်ရှိန်း (ဘုရားကိုးဆူ)၊ တပ်ကုန်းတွင် ဦးဟိန်တင် မိုးသီတာဆီစက်၊ ရမည်းသင်းမြို့တွင် ဦးသောင်း ကျောင်းအုပ်ကြီးနှင့် ဦးဇော်ဝင်း လ/ထမြို့နယ်ပညာရေးမှူးတို့ထံသို့ ပို့ပေးကြပါရန်နှင့် ရာပြည့်မဂ္ဂဇင်းအတွက် စာမူများကို ရန်ကုန်မြို့တွင် ဦးကျော်သန်း–သီလဝ ဘာသာရေးမဂ္ဂဇင်းနှင့် ဦးဝင်းချို–ရူပစာအုပ်တိုက်၊ ရမည်းသင်းမြို့တွင် ဦးအောင်စိုး–ရာပြည့်မဂ္ဂဇင်းကော်မတီ ဥက္ကဋ္ဌထံသို့ ၃၀–၆–၂၀၀၆ရက် နောက်ဆုံးထား၍ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

## အထက(၂)ဖျာပုံ အာစရိယပူဇော်

**ရန်ကုန် မတ် ၂၉**

ဖျာပုံမြို့ အထက(၂)အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ဧပြီ၉ရက်တွင် ဖျာပုံမြို့၌ကျင်းပမည်ဖြစ်ရာ ၎င်းကျောင်းရွှေရတုပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ လှူဒါန်းပါဝင်လိုသူများသည် ဖုန်း–၅၃၄၉၅၃နှင့် ၀၉–၅၀ ၁၆၈၄၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## Garage Sales!
## ဈေးရောင်းပွဲ

အဝတ်အထည်၊ လူသုံးကုန်၊ အလှကုန်၊ အိမ်သုံးကုန်နှင့် ကလေးအသုံးအဆောင်ပစ္စည်းများ။

**နေ့ရက်** – ၂–၄–၂၀၀၆ရက်မှ ၅–၄–၂၀၀၆ရက်
**နေရာ** – အမှတ် ၇၀(ဘီ)၊ အင်းလျားလမ်း၊ (အထက–၂၊ ကမာရွတ်ကျောင်းဘေးလမ်း)
**ဖုန်း–၅၀၀၃၀၇၊ ၅၀၅၉၀၉။**

## ဓမ္မရသဝိပဿနာ တရားစခန်းများ

**ရန်ကုန် မတ် ၂၉**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏မူလကျင့်စဉ်နှင့်အညီ သမထ–ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အုံ့ကြီး)နှင့်အဖွဲ့က ဧပြီ၅ရက်မှ ၁၁ရက်အထိ ည၇နာရီခွဲမှ ၉နာရီအထိ ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်းရှိ ရေကျော်ဝတ်ကျောင်း သံဃာ့ဒါန ဆွမ်းလောင်းဓမ္မာရုံတွင်လည်းကောင်း၊ သင်္ကြန် ၇ရက် တရားစခန်းများအဖြစ် သာကေတမြို့နယ် ရှခင်းသာရပ်ကွက်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်တွင် ၈ရက်မှ ၁၇ရက်အထိ နံနက်၇နာရီမှ ည ၆ နာရီအထိလည်းကောင်း၊ ဒလ အုံ့ကြီးရှိ ဓမ္မရသရိပ်သာကြီးတွင် ၁၂ရက်ညနေမှ ၂၀ရက် နံနက်အထိလည်းကောင်း၊ ဒေါပုံမြို့နယ် ဝါဆိုမှတ်တိုင်အနီးရှိ ပြာသာဒ်ပရိယတ္တိ စာသင်တိုက်တွင် ၁၃ရက်မှ ၁၉ရက်အထိ မွန်းလွဲ ၁နာရီမှ ည၆နာရီအထိလည်းကောင်း၊ လှည်းကူးမြို့နယ် ဒါးပိန်မြို့ရှိ တမံကျောင်းတွင် ၁၃ရက်နေ့မှ ၁၉ရက်ထိ မွန်းလွဲ ၁နာရီမှ ညနေ၆နာရီအထိလည်းကောင်း၊ ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ခ/၄၀၉၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(အင်းစိန်)။**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်သိန်းထွန်း ၇/ကပက(နိုင်)၀၅၂၇၀၆သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သွားပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**ဦးလိုင်း(ခ)ဦးအေးသန်း ၇/ကပက(နိုင်)၀၅၂၇၀၂။**



# ကျေးလက်ဆေးပေးခန်း မော်လမြိုင်ကျွန်းမြို့နယ်၌ဖွင့်

မော်လမြိုင်ကျွန်း မတ် ၂၅

**မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆောက်အအုံဖွင့်ပွဲကို မတ် ၁၈ရက် နံနက် ၉နာရီက ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှေ့ မျက်နှာစာ၌ ကျင်းပသည်။**

ဖွင့်ပွဲတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအလှူရှင် တိပိဋက ဓရ တိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

**တိုးတက်မှုလုပ်ငန်း**

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသိန်းထွဋ်က ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆိုင်းဘုတ်ကို ကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး ကျိုက်ပိတိုက်နယ်ဆရာဝန်ဒေါက်တာအောင်သူဇင်က ကျိုက်ပိတိုက်နယ် ကျန်းမာရေးဆိုင်ရာ ဒေသဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**မတည်လှူဒါန်း**

အဆိုပါ မရမ်းကျေးရွာကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆောက်အအုံကို အလှူရှင် မော်ကျွန်းဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် ရန်ကုန်မြို့ ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်ပိုင်ရှင် ဦးဘိုကြီး-ဒေါ်သန်းသန်းမိသားစုတို့က ငွေကျပ် သိန်း ၃၀ မတည်လှူဒါန်း ဆောက်လုပ်ခြင်းဖြစ်သည်။ **(၀၉၇)**

# ကျိုးသဲလေးထပ် ဆရာတော်ကြီးကျောင်းတော် ပန္နက်တင်၊ အုတ်မြစ်စီမင်္ဂလာ ကျင်းပ

**ကျိုးသဲ မတ် ၂၂**

ရွှေတောင်မြို့နယ် ကျိုးသဲမြို့ ကျိုးသဲလေးထပ် ဆရာတော်ကြီး၏ နှစ်(၁၀၀)ကျော် တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ကျောင်းတော်ပန္နက်တော်တင်မင်္ဂလာနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို မတ် ၁၅ ရက်က ကျိုးသဲမြို့ ဗိုလ်ကုန်းရွာ၌ ကျင်းပရာ ရွှေတောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ပရိသတ်တို့က သီလခံယူဆောက်တည်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထား၍ ကျောင်းတော်ကြီးအတွက် အလှူငွေများကိုပေးအပ် လှူဒါန်းကြသည်။

အဆိုပါနှစ်ထပ်ကျောင်းတော်ကို ဘုရားဆောင်ဘုံ(၇)ဆင့်ဖြင့် ပြန်လည်ဆောက်လုပ်မည်ဖြစ်ရာ ကုန်ကျငွေမှာ သိန်း ၇၀၀ ခန့် ဖြစ်သည့်အတွက် ရန်ကုန်ကျိုးသဲအသင်း ဦးခင်မောင်သစ် တိုက် ၁ အခန်း ၁၁ ဝေဇယန္တာအိမ်ရာ သဃ်န်းကျွန်းမြို့နယ်၊ ဦးစိန်ဝင်း ဦးဝိစာရလမ်း (၃၀)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးလှထွန်းဦး အမှတ်(၁၀) (၁၆၃)လမ်း တာမွေမြို့နယ်၊ ဦးကိုလေး(၁) ဈေးဟောင်းလမ်း တာမွေမြို့နယ်၊ ဒေါ်အေးမြင့် အမှတ်(၆၈) ဗညားဒလလမ်း (၄၄)ရပ်ကွက်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဘဒ္ဒန္တသံဝရ ဝေဠုဝန်ကျောင်း ကျိုးသဲမြို့၊ ဦးခင်ဆွေ ဈေးအနီး ကျိုးသဲမြို့၊ ဦးသိန်းမြင့် ရှမ်းတန်းလမ်း ကျိုးသဲမြို့နှင့် ဦးတင်ဦး ဘုရားလမ်း ကျိုးသဲမြို့တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက်၌ ကတ္တရာလမ်းသစ်ဖွင့်

**လက်ပံတန်း မတ် ၂၆**

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အရှည် ၁၈၂၅ပေ၊ အကျယ် ၁၂ပေရှိ မင်းရပ် ရပ်ကွက် အမှတ် ၂ လမ်း၊ ၃ လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မင်းရပ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အောက်လမ်းမကြီး(မုပွန်လမ်း) ရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်းကို မတ် ၅ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းက ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

# ပလင်းတန် ပွဲ ပြိုးဖို့ စာအုပ်စာပေ လှူလာစို့

**ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့တွင် ခြံစည်းရိုးကြက်ဆူ ပင် မျိုးစေ့များပျိုးထောင်ခြင်းနှင့် ပျိုးကိုင်းပျိုးထောင်ခြင်း လုပ်ငန်းကို မတ်၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)

# မြို့နယ် သတင်းများ

**ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ မတ် ၁၂ ရက်က ဒါးကိုင်ကျေးရွာ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ပေးစဉ်။**
(မြို့နယ်စည်ပင်)

# အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားဝမ်းတွင်း ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်းသန့်ရှင်း

**ဝမ်းတွင်း မတ် ၁၀**

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မတ် ၄ ရက် နံနက် ၆ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက တပျော်တပါး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မီး သတိပြု

**ပျော်ဘွယ်မြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာ ကွယ် ရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**
(မြို့နယ်စည်ပင်)

# ကောလင်းမြို့နယ်၌ နတ်သျှင်နောင် စာကြည့်တိုက်ဖွင့်

**ကောလင်း မတ် ၂**

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ကောလင်းမြို့နယ် ရှမ်းကလုံးအုပ်စု ရှမ်းကလုံးကျေးရွာတွင် ဖေဖော်ဝါရီ ၂၁ရက်က နတ်သျှင်နောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း၊ အတွင်းရေးမှူး ဦးမြင့်အောင်တို့က စာပေရေးရာများဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၅၀၊ ခင်မို့မို့စာပေမှ ဂျာနယ် ၁၀၀နှင့် သုတရသစာအုပ် ၅၀၊ ကြယ်စင်စာပေမှ ဂျာနယ် ၁၀၀၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေက သုတရသစာအုပ် ၆၄အုပ်နှင့် ဂျာနယ် ၁၈၉စောင်တို့ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းကျော်သို့ ပေးအပ်လှူဒါန်းကြသည်။ **(၀၂၆)**

# မြန်မာ့အသံ

**၃၁-၃-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (တာချီလိတ်မြို့မှ ရွှေမြေသာယာရော်ဘာစိုက်ပျိုးရေးလုပ်ငန်းအကြောင်း)
၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပိန္နဲပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ညိုမီရဲ့ကြည့်မှန်လေး တစ်ချပ်ပါညိုမီ)

**ညနေပိုင်း**

၁၇:၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (ဘွားသက်ရှည် ဖွားသိမ်းပြည့်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (မခွဲချင်လို့ပါ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မေ့ဆေး ထုံဆေးဘေးကင်းရေး-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာ ကာလပေါ်အဖွဲ့)
၂၀:၃၀ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
-မေတ္တာလက်ဆောင်ရ သကြင်္န်တေးစီးရီး (မဥ္ဇူရီတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဇော်ဝမ်းနှင့် ရန်အောင်တို့၏ နှစ်သစ်ကို ကြိုဆိုခြင်း တေးစီးရီး)

## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်

**ညောင်ဦး မတ် ၂၀**

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်များ စဉ်ဆက် မပြတ် ကပ်လှူပူဇော်လျက်ရှိရာ**(ဝဲပုံ)** ယခု အခါတွင် စေတီတော်ကြီး၌ ကပ်လှူ ပူဇော်ခဲ့သော ကြာခံကြီး၊ ကြေးဝိုင်း၊ ရစ်မြှောင့်ချိုး၊ ပစ္စယာ(၃)ဆင့်နှင့် ကြာ သွတ်အိုး ၁၂လုံးရှိ ရွှေသင်္ကန်းတော် များ ငွေကျပ်သိန်းပေါင်း ၁၆၅၀ကျော် အကုန်အကျခံ ပြန်လည်ကပ်လှူမည် ဖြစ်သဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း ၍ဖြစ်စေ နှစ်လက်မပတ်လည် မျက် ပါးရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀၊ ဆိုင်း ဝက် ကျပ် ၈၀၀၀၊ ကိုးလက်မပတ် လည် ရွှေချပြီးကျပ် ၅၀၀၀၊ တစ်ပေ ပတ်လည် ရွှေချပြီး ကျပ် ၇၀၀၀၊ ကြာသွတ်အိုး တစ်လုံး ရွှေချပြီး ကျပ် ၂၅၀၀၀၀ဖြင့် လှူဒါန်းလိုပါက ညောင်ဦး ခရိုင်အေး ချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဖုန်း-၀၆၁-၆၀၂၆၁၊ရွှေစည်းခုံဂေါပက အဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၆၁-၆၀၈၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

## ပင်းတယ ရွှေဥမင်ဘုရား တပေါင်းပွဲတော်ကျင်းပ

**ပင်းတယ မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား တပေါင်းပွဲတော်ဖွင့်ပွဲ အခမ်းအနား ကို မတ် ၉ရက် နံနက်၇နာရီက သုခမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေသဝ ရွှေနီကျောင်းဆရာတော် အမှူးပြုသော သံဃာတော် များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။ အစီအစဉ်အရ ဧည့်ပရိသတ်များက ရွှေနီကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ အဆိုပါ ဘုရားတပေါင်းပွဲတော်ကို မတ် ၉ရက်မှ ၁၄ရက်ထိ ခြောက်ရက်တိုင်တိုင် ကျင်းပရာ ရပ်ဝေးရပ်နီးမှ ဘုရားပွဲလာပြည်သူများဖြင့် စည်ကားသိုက်မြိုက် ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ် မင်းဘုံကျော်စေတီတော် ရွှေထီးတော်တင်လှူ

တောင်တွင်းကြီး မတ် ၂၃

**မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ မင်းဘုံကျော်စေတီတော်မြတ်ကြီးကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ ဒါယိကာမများက အသစ်ပြန်လည်ပြုပြင်တည်ထားပြီး ရွှေထီးတော် တင်လှူပူဇော်ပွဲကို မတ် ၁၃ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။**(အပေါ်ပုံ)

ထို့နောက် မင်းဘုံကျော် စေတီ တော်အနီးရှိ ဂန္ဓာရုံဘုံကျော်တောရ ကျောင်းတိုက်(၇၅)နှစ်ပြည့် အထိမ်း အမှတ်အဖြစ် ရွှေပါရမီတောရ ဆရာ တော် အရှင်ဆန္ဒာဓိကက တရားဟော ကြားချီးမြှင့်ပြီး ကျောင်းတိုက်သံဃာ တော်များအတွက် စီဝိုင်စီသင်္ကန်းအစုံ ၁၀၀၊ ပစ္စည်းလေးပါး ပဒေသာပင် အတွက် ငွေကျပ်၁၀ သိန်း၊ ငွေကျပ် ၁၀ သိန်းတန် စာကူးစက်တစ်လုံးနှင့် ကွန်ပျူတာ ပရင်တာတစ်စုံတို့ကို လှူဒါန်းကြသည်။

### တည်ထားကိုးကွယ်

မင်းဘုံကျော် စေတီတော်မြတ် ကြီးကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ ဦးရှိန်ဝင်း-ဒေါ်ခင် ချိုဦး (တက်လမ်းဆောက်လုပ်ရေး) မိသားစု၊ ဒေါ်ကျင်လှ၊ သား ကိုဌေးမြင့် မိသားစုနှင့် ရွှေပါရမီ ဒါယကာ ဒါယိ ကာမများစုပေါင်း၍ ကျပ်သိန်း ၃၆၀ ကျော် အကုန်အကျခံကာ ပြန်လည်ပြု ပြင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ် သည်။ **(က-ပ)**

**ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ နာယကဆရာတော်တို့၏ ဩဝါဒကိုခံယူ၍ ယဉ်ငေးသာသနာ့ရိပ်သာ တပည့် ဒါယကာ၊ ဒါယိကာမတို့၏ ဦးဆောင်မှုဖြင့် ကျင်းပသော (၈)ကြိမ်မြောက် သာမဏေ၊ သိက္ခာရှင်အဖြစ်နှင့် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု တစ်လသင်တန်းဖွင့်ပွဲကို မတ် ၃ရက်က ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူများ တက်ရောက်သင်ကြားစဉ်။** (က-ပ)

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၉

**ကျောက်ပန်းတောင်းမြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်း အဝေး၊ ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁၈ရက် မွန်းတည့်၁၂နာရီက လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် ကျောက်ပန်းတောင်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်မြို့ တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အမှူးပြုသော နာယကကြီးများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသူ အသင်း သားများ၊ ရန်ကုန်ရောက် ကျောက်ပန်း တောင်းမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြသည်။

### လျှောက်ထား

အခမ်းအနားတွင် ဦးမောင်မောင် လှက အခမ်းအနားမှူးအဖြစ် ဆောင် ရွက်ပြီး အသင်းဥက္ကဋ္ဌ ဦးမောင်မောင် က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

### လက်ဆောင်ပေးအပ်

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော် ဆက်ကပ်ခြင်းခံရသည့် အဂ္ဂ မဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် တော်ရ ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်မှ ဆရာတော် ဘဒ္ဒန္တဇနိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ကျောက်ပန်းတောင်းမြို့ သုခဝတီ စာ သင်တိုက်မှ ဆရာတော်ဘဒ္ဒန္တ ဒေဝိန္ဒ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ကျောက် ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်းမှ ဆရာတော် ဘဒ္ဒန္တသုမနဇ၊ ဝိနယ ဓရဘွဲ့ရ တိပိဋကမဟာဂန္ထဝင် နိ ကာယ်ကျောင်းမှ ဘဒ္ဒန္တပညာဝံသ လင်္ကာရတို့အား ဂုဏ်ဝိသိဋ္ဌပူဇော်ခြင်း၊ လူမှုထူးချွန်၊ သုတစွယ်စုံစာပေဆုရရှိ သူတို့အား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပါရဂူ ဘွဲ့ရသူငါးဦးနှင့် အခြေခံပညာအထက် တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင် မြင်သူ ကျောင်းသား ကျောင်းသူများ အား ပညာရည်ချွန်ဆုနှင့် လက်ဆောင် ပစ္စည်းများ ပေးအပ်ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

**မိုးကုတ်မြို့နယ်အတွင်း ရေ မြောင်းများ ရေစီးရေလာကောင်း မွန်ရေးနှင့် မြို့တွင်းလမ်း ပခုံးများ လမ်းနှင့် လိုက်လျောညီထွေရှိ စေရေးအတွက် မတ် ၈ရက်က ဒုတိယဦးစီးမှူး(သန့်ရှင်းရေး) ဦးဝင်းဇော် ကြီးကြပ်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များ မင်္ဂလာလမ်းတစ်လျှောက် လမ်းပခုံးများ ပြုပြင်ဆောင်ရွက် စဉ်။**

(မြို့နယ်စည်ပင်)



## ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုး

**ဖားကန့် မတ် ၁၀**

ဖားကန့်မြို့ သာယာလှပရေး အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော ဝန်ထမ်းများ ဖေဖော် ဝါရီ၂၅ရက်က ငှက်ပျောတော ရပ် ကွက်ရှိ ပန်းအလှခုံများနှင့် လမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင် များ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ချုံနွယ် မြက်များ ရှင်းလင်း၍ အပင်များ ရေလောင်း ပေါင်းသင်ခြင်းလုပ်ငန်း များ ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ကြီးကြပ်ဆောင်ရွက် ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မတ် ၁ရက်က ကျောင်းကြီး အိုးတန်းရပ် ကန်လမ်းမှစတင်၍ အဖွဲ့ပိုင်မော်တော်ယာဉ်၊ စက်၊ ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းစဉ်။** (မြို့နယ် စည်ပင်)

## ဟံသာတအသင်း(ရန်ကုန်)ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် မတ် ၂၉**

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဟံသာတမြို့ သပြေပင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥ‌ေယျ ဓမ္မ အရှင်သူမြတ်၊ ဟံသာတမြို့ ဘိုး သိန်းတန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အရှင်သူမြတ်နှင့် မဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဟံသာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင် တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအရှင် သူမြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် အဂ္ဂ မဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ တံဆိပ်တော်ရ အသင်းဥက္ကဋ္ဌ ဦးစိန် တင့်၊ သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရ အသင်းဝင် ဒေါ်အေးရီ တို့အား ဂုဏ်ပြုပွဲကို ဧပြီ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ် ၁၈၄၊ ၁၈၆၊ ၄၅လမ်း ဗိုလ်တထောင်မြို့နယ် ရှိ ဟံသာတအသင်းတိုက်၌ ကျင်းပ မည်ဖြစ်သည်။

အသင်းသူ အသင်းသားများနှင့် ဟံသာတသူ ဟံသာတသားများ တက် ရောက်ကြည်ညိုကြရန်နှင့် လှူဒါန်းလို သူများသည် ဦးတင်အေး ဖုန်း- ၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈ နှင့် အသင်းတိုက် ဖုန်း-၂၀၁၁၄တို့ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## အုတ်တွင်းမြို့နယ်၌ အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

**အုတ်တွင်း မတ် ၂၁**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီက ကြီး ကြပ်ဖွင့်လှစ်သော အကြိုအခြေခံ မီးသတ်သင်တန်း(၁/၂၀၀၆) သင် တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၂ရက် ညနေ ၅နာရီက အုတ်တွင်းမြို့ သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ် မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး သက် လွင်နှင့် တောင်ငူခရိုင် မီးသတ်ဦးစီး ဌာနမှူး ဦးအေးသန်းတို့က သင်တန်း ဆင်းအမှာစကား ပြောကြားကြသည်။

### ဂုဏ်ပြုလွှာ

ထို့နောက် မြို့နယ်မီးဘေးကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းက သင်တန်းသား ၃၆ဦးတို့အား သင်တန်း ဆင်း လက်မှတ်များပေးအပ်ပြီး **(ဝဲပုံ)** သင်တန်းသားနည်းပြများသို့ မီးသတ် တပ်ရင်းမှူး ဒုတိယရဲမှူး သက်လွင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် သည်။ **(၃၁၆)**

## ခြံစည်းရိုးကြက်ဆူကိုင်းထိုး စိုက်ပျိုးပွဲ လင်းခေးမြို့နယ်၌ ကျင်းပ ဟိုမိန်းမြို့ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဆောက်

လင်းခေး မတ် ၂၅

**လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းသည် ခရိုင် ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီဝင်များလိုက်ပါလျက် မတ် ၁၇ရက်က လင်းခေးမြို့နယ် ဝမ်စလောင်း ကျေးရွာမှ ဦးလုံးအော ဦးဆောင်၍ ထော်လာဂျီပိုင်ရှင် ၅၀တို့၏ ခြံစည်းရိုးကြက်ဆူ ငါးဧက ကိုင်းထိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မတ် ၁၇ရက်နံနက်ပိုင်းက ဟိုမိန်းမြို့ ဌာနဆိုင်ရာများ၏ စံပြ ခြံစည်းရိုးကြက်ဆူ နှစ်သိန်းဆံ့ ပျိုးဥယျာဉ်၌ ပျိုးပွဲတော် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့်အတူ ခြံစည်းရိုး ကြက်ဆူ မျိုးစေ့များအား ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ယင်းနောက် ခြံစည်းရိုး ကြက်ဆူ လှုပ်ရှားမှုပြခန်းကို ဟိုမိန်း ဒေသ သက်သာချောင်ချိရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ ဦးနော်မိန်းခွန်း၊ ဦးခွန်တိုးအောင်နှင့် မြို့အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးပြီး ပန်တဝက်ကျေးရွာတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးကိုင်း ၁၂၀၀၀ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ဟိုမိန်းမြို့ မြို့တွင်းလမ်း(၁)မိုင် ကတ္တရာလမ်းကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ ခရိုင်ဥက္ကဋ္ဌနှင့် ဦးနော်မိန်းခွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး မြို့တွင်းကတ္တရာလမ်းသစ် (၁)မိုင်အား ကြည့်ရှုစစ်ဆေးကြသည်။ နေ့လယ်ပိုင်းတွင် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် သိန်း ၂၀ အကုန်ကျခံ၍ ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက် ရှိသော ဟိုမိန်းမြို့ ဟိုနောင်မြို့ ဦးကန်တံတား လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော် ပံ့ပိုးငွေ ကျပ်သိန်း ၆၀၊ ပြည်သူလူထုထည့်ဝင်ကျပ်ငွေ သိန်း ၁၈၀ဖြင့် ဟိုမိန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် တည်ဆောက်နေသည့် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေစကြိုဆရာတော် ဓမ္မဒူတခရီး

**ရန်ကုန် မတ် ၂၉**

တိပိဋကရေ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာ ဘိဝံသ ရေစကြိုဆရာတော်သည် ဆရာတော်၏ ပစ္စသမဏ အရှင်ပညာသီဟနှင့် ကပ္ပိယကာရက ကမ္ဘာအေးစေတီတော် ဂေါပက ဦးစောကြိုင်တို့ လိုက်ပါလျက် မတ် ၃၁ရက်မှ ဧပြီ ၁၁ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဖားကန့်မြို့ လုံးခင်းကျေးရွာ၊ ဆိပ်မူကျေးရွာ၊ ဇော်ခါ၊ မော်သစ်ကုန်း၊ ရှရော်ကျေးရွာ၊ တာမခံ ကျေးရွာ၊ မော်ဝမ်းတို့သို့ ဓမ္မဒူတခရီး ထွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျိုက်ဝိုင်းစေတီတော်၌ကျင်းပ

**ရန်ကုန် မတ် ၂၉**

အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ် ၁၀ရက်ညနေပိုင်းတွင် စေတီတော် ရင်ပြင်၌ကျင်းပရာ ဗုဒ္ဓ၏နိမ္မိတရုပ်ပွားတော်အား အမှူးထား၍ စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များနှင့် ပင့်သံဃာတော်အပါး၂၀၀ကျော်တို့အား စေတီတော် ဂေါပကအဖွဲ့အလှည့်ကျ သဘာပတိ ဦးအေးကိုနှင့် ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များက ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။**(အပေါ်ပုံ)**

ထို့နောက် ရေစကြာချ မင်္ဂလာ အခမ်းအနားကို စေတီတော်ရင်ပြင် အရှေ့ဘက်ရှိဘုရားသုံးဆူတန်ဆောင်း၌ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် အောင်ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တအာစရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များအား ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးအေးကိုနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(က–ပ)**

## မြောင်းမြမြို့နယ်အသင်း( ရန်ကုန် ) ဆွမ်းဆန်စိမ်း လောင်းလှူမည်

**ရန်ကုန် မတ် ၂၉**

မြောင်းမြမြို့တွင် နှစ်စဉ်ပြုလုပ်ခဲ့ရာ ယခုနှစ် (၇၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းဆန်စိမ်းနှင့် ပဒေသာပင်လောင်းလှူပွဲကို မြန်မာနှစ်ဆန်း ၁ရက်(ဧပြီ ၁၇ရက်) ညနေပိုင်းတွင် မြောင်းမြမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က ငါးကြိမ်မြောက် ပဒေသာပင်များ ပို့ဆောင်လှူဒါန်းမည်ဖြစ်ရာ ပဒေသာတစ်ပင်လျှင် ငွေကျပ်ငါးထောင်နှုန်း သတ်မှတ်လှူဒါန်းရန် ဆုံးဖြတ်ထားသည်။

လှူဒါန်းလိုကြသော မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းသူ၊ အသင်းသားများသည် ၂၀၀၆ခုနှစ် ဧပြီ၂ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း–၀၉–၅၁၂–၃၇၂၃၊ ဦးသန့်ဇင် ဖုန်း–၀၉–၉၉–၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း–၅၂၆၁၆၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း–၇၀၇၅၁၄၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း–၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးဇော်ထွန်း ဖုန်း–၇၀၉၁၁၄၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးစန်းရွှေ ဖုန်း–၂၈၂၆၉၃၊ ဘဏ္ဍာရေးမှူး ဦးခင်အောင်တင့် ဖုန်း–၇၀၁၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ လှိုင်သာယာမြို့နယ်၌ ကျင်းပ

**ရန်ကုန် မတ် ၂၉**

ရန်ကုန် မြောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၅ရက် မွန်းလွဲ၂နာရီက လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အောက်မြန်မာပြည် ကူးစက်ရောဂါ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြသန်းနွယ်က ကျန်းမာရေးဝန်ကြီးဌာန၏ သဝဏ်လွှာကိုဖတ်ကြားပြီး တီဘီရောဂါဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသော မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေကလည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းစွမ်းဆောင်မှု ထူးချွန်ဆုရ မြို့နယ်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းကလည်းကောင်း၊ တီဘီရောဂါဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ကူးစက်ရောဂါ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြသန်းနွယ်ကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးဗီဒီယိုဓာတ်လမ်းအား ပြသကာ တက်ရောက်လာကြသော ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက တီဘီရောဂါတိုက်ဖျက်ရေး ပိုစတာနှင့် ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရှိရသည်။

**(၁၈၀)**

## ဆေးတက္ကသိုလ်(မန္တလေး)၌ ရေသန့်စက်တည်ဆောက်ရေး အလှူငွေပေးအပ်၊ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် မတ် ၂၉**

ဆေးတက္ကသိုလ်(မန္တလေး)တွင် သောက်သုံးရေသန့်ရရှိရန် ရေသန့်စက် တည်ဆောက်ရေးအတွက် အနယ်နယ်အရပ်ရပ် အလှူရှင်များ၊ အလှူငွေများ လှူဒါန်းလျက်ရှိရာ မတ်၂၁ရက် ညနေ၄နာရီက ဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခ ချုပ်ရုံးခန်း၌ အင်္ဂလန်နိုင်ငံနေ အလှူရှင်ဒေါက်တာကိုကိုကြီး၊ ဇနီးဒေါ်နီနီကိုကိုကြီးနှင့် သမီးများလှူဒါန်းသည့် အလှူငွေ ကျပ်၁၀သိန်းကို မန္တလေးမြို့နေ ဟာဂျီဦးသိန်းထွန်း (ထွန်းအီလက်ထရွန်နစ်)က ပေးအပ်ရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်လှနှင့်လုပ်ငန်းကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ ဆေးတက္ကသိုလ်(မန္တလေး)ရေသန့်စက် တည်ဆောက်ပြီးစီးရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များသည် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာကျော်လှ ဖုန်း–၃၆၆၃၄၊၃၆၆၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**အထက(၁) မင်္ဂလာတောင်ညွန့်မှ ၁၅နှစ်အောက် မျိုးဆက်သစ်ဟော်ကီအားကစားမောင်မယ်များအတွက် ဟော်ကီအားကစားဝတ်စုံများကို ဦးကျော်မင်း M.D (MMM) ဆောက်လုပ်ရေးက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး လက်ခံယူစဉ်။** (က–ပ)

# ကျေးလက်လမ်း အုတ်ခုံကွန်ကရစ်တံတားနှင့် ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

**ရန်ကုန် မတ် ၂၉**

မုဒုံ–ကော့ပရံ ကျေးလက်အုတ်ခုံ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီက အဆိုပါတံတားထိပ်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မွန် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ကော့ပရံကျေးရွာ တံတားတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်းတို့က အုတ်ခုံကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အုတ်ခုံကွန်ကရစ်တံတားသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားသစ်ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အုတ်ခုံကွန်ကရစ်တံတားသည် အရှည်ပေ ၄၀၊ အကျယ် ၁၆ ပေရှိပြီး မုဒုံ–ကော့ပရံ လမ်းပေါ်တွင်ရှိ၍ စည်ပင်သာယာရေးအဖွဲ့မှ *စာမျက်နှာ ၉ ကော်လံ ၅* ■

# တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွေးလွန်တုပ်ကွေးကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုများ ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြင်တော်သာ လမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဒေါက်တာ ဒေါ်ရှုကြည်၊ *စာမျက်နှာ ၉ ကော်လံ ၁* ●

# တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတ မြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ရပ်ကွက်နေပြည်သူ များအား ရင်းနှီးစွာ နှုတ်ဆက် အားပေးစဉ်။** (သတင်းစဉ်)

# “ပန်း နှင့် ကြာ”

မြောက်ဥက္ကလာပမြို့နယ်မှ ပန်းချီဆရာ ဆရာမများ၏ “သက်တန့်ရောင်စဉ်များ” ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းချီ၊ ပန်းပုပြခန်း၌ ဧပြီ ၁ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။ ပုံတွင် ပန်းချီဆရာမ မစန်းဌေး၏ “ကြာ” အမည်ရှိ ပန်းချီကား (ယာပုံ) နှင့် ဆရာမ မြမြလွင်၏ “ပန်း” ပန်းချီကား (အပေါ်ပုံ)ကို ဤသို့ တွေ့ရသည်။ (သတင်းမှတ်စု ဖော်ပြပြီး)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းဖွဲ့စည်းရန် ရည်ရွယ် ပဏာမလက်ရွေးစင်(က)နှင့် (ခ) ခြေစမ်းပွဲ ယနေ့ကစားမည်

**သတင်းဆောင်းပါး ကိုထွေး**

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးဘောလုံးပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား ၄၆ ဦးဖြင့် ဖွဲ့စည်းပြီး စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည်သြစတြေးလျ နိုင်ငံတွင် လာမည့်ဇူလိုင်လအတွင်း ကျင်းပမည့် ၂၀၀၆ ခုနှစ် အာရှ အမျိုးသမီး ချန်ပီယံရှစ် (2006 AFC Women's Championships) ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ခြေစစ်ပွဲအောင်မြင်ထားသည်။

**ခြေစမ်းရွေးချယ်မည်**

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို အားကစားသမား ၄၆ ဦးဖြင့် ဖွဲ့စည်းထားရာမှ အားကစားသမား အင်အားလျှော့ချပြီး ပိုမိုကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေးအတွက် ခြေစမ်းပွဲများကျင်းပ၍ ရွေးချယ်သွားမည် ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒